စိတ်ကူးချိုချိုအနုပညာ

# နိမ္မာနီ (သို့မဟုတ်) အတုမဲ့ချမ်းသာ

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

တဏှာ ... 

တသ်မက် စွဲလမ်းခြင်း၌ မှီထားသူအား လှုပ်ရှား၏၊ မမှီထားသူအား မရွေ့ရှား၊ တုန်လှုပ်ခြင်းမရှိသော် အေးမြငြိမ်းချမ်း၏၊ အေးမြငြိမ်းချမ်းသော် ညွတ်ကိုင်းခြင်း မဖြစ်၊ ညွတ်ကိုင်းခြင်း မရှိသော် လာခြင်း ရောက်ခြင်းမရှိ၊ လာခြင်း ရောက်ခြင်းမရှိသော် စုတေရခြင်း ဖြစ်ပွါးရခြင်းမဖြစ်တော့၊ စုတေခြင်း ဖြစ်ပွါးခြင်း မဖြစ်ခဲ့သော် ဤလောက၌လည်း မဖြစ်, ထိုလောက တပါး၌လည်းမဖြစ်, ၎င်းတို့အကြား၌လည်း မဖြစ်၊ ဤသည်ကား ဆင်းရဲ၏ ဆုံးရာ နိဗ္ဗာန်ပင်တည်း။

TAYA0046
1,500.00 KS

mgyoe.com

နိဗ္ဗာန်(သို့မဟုတ်)အတုမဲ့ချမ်းသာ၊ ဒီပဲယင်းဆရာတော်ဘုရားနှင့်အခြား
စာမျက်နှာ ၁၃၆+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၉ ကုသလဝတီပုံနှိပ်တိုက်၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

# နိဗ္ဗာန်(သို့မဟုတ်)
# အတုမဲ့ချမ်းသာ

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဒီပဲယင်းဆရာတော်ဘုရား
အရှင်ဇနကာဘိဝံသဆရာတော်
စွန်းလွန်းဂူကျောင်းဆရာတော်
တရားမှန်တော်ကြီး
ယောမြို့စား၊ ရွှေပြည်ဝန်ကြီး၊ ဦးဖိုးလှိုင်
မာဂဓကျွဲဗိယသုတ် မြန်မာပြန် တို့
စုစည်းခြင်း။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


* အတုမဲ့ချမ်းသာ အလိုရှိသူများသို့ (က–ဠ)
၁။ မိလိန္ဒပဥှာ ၁
– ဘုရားရှင် ထင်ရှားရှိ၏လော ၂
– ကံ အဘယ်မှာနည်း ၄
– ကံ၊ အကြောင်း၊ ဥတု ၆
– နိဗ္ဗာန်မရသူ၊ နိဗ္ဗာန်ချမ်းသာ သိ၏လော ၈
– အကြောင်းကြောင့် မဖြစ်သောတရား ၁၀
၂။ ယောမြို့စား ရွှေပြည်ဝန်ကြီး၏
နိဗ္ဗာန်အကြောင်း ၂၁
– နိဒါန်း ၂၃
– နိဗ္ဗာန် ၂၆
၃။ အရှင်ဇနကာဘိဝံသ ဆရာတော်၏
ဥပသမာ နုဿတိ ၃၇
– ဥပသမာ နုဿတိ ၃၈
၄။ အတုမဲ့ချမ်းသာ ၄၄


mgyoe.com

mgyoe.com


၅။ ဒီပဲယင်းဆရာတော်ဘုရားကြီး၏
နိဗ္ဗာန ဝိနိစ္ဆယ ၄၅
– နိဗ္ဗာန ဝိနိစ္ဆယ ၄၆
– နိဗ္ဗာန် ၅၇
၆။ စွန်းလွန်းဆရာတော်ဘုရားကြီး၏
အမေးအဖြေ ၅၉
– အမေးအဖြေများ ၆၀
၇။ အတုမဲ့ရတနာ ၈၀
၈။ အရှင်အာဒိစ္စဝံသ၏
တရားမှန်တော်ကြီး လောကဆုံးနိဗ္ဗာန် ၈၁
– သုဒ္ဓသသုတ် ၈၂
– ဒုက္ခနိရောဓသုတ် ၈၄
– လောကဿန္တသုတ် ၈၆
– ပဒီပေါပမသုတ် ၈၉
– အယောဃနသုတ် ၉၁
– အနိဿိတသုတ် ၉၄
– ဝိညာဏနိရောဓသုတ် ၉၇
– ဗာဟိယသုတ် ၁၀၀
– ဥဒါန်းပါဠိတော် ၁၀၃
၉။ ကြပ်ကြပ်ကြဲ အမှန်ရ ၁၀၅
၁၀။ မာဂဏ္ဍိယသုတ္တန် မြန်မာပြန် ၁၀၇
– မှာပါရစေ ၁၀၉
– မာဂဏ္ဍိယသုတ္တန် ၁၁၂


mgyoe.com

mgyoe.com


– ဖြေရှင်းတော်မူချက် ၁၁၈

– အနူပျောက်သောယောကျ်ား ဥပမာ ၁၂၂

– ကျန်းမာခြင်းနှင့် နိဗ္ဗာန် ၁၂၈

– ဝမ်းတွင်းကန်း ဆေးကုလျှင် ပန်းရုံသာရှိမည် ၁၃၁

– အကန်းပျောက်ဆေး ၁၃၃

၁၁။ အတုမဲ့ချမ်းသာအတွက်
မိတ်ဆွေကောင်းများ ၁၃၅


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ယခင်စီစဉ်သူ၏အမှာ

# အတုမဲ့ချမ်းသာ အလိုရှိသူများသို့

## ဤအမှာ ရေးသားချက်များကို ဖတ်ရှုလေ့လာပြီးမှ ကျမ်းစာကို ဖတ်ရှုစေလိုပါသည်။

"အတုမဲ့ချမ်းသာ" ဆိုသော နာမည်တွင် အတုမဲ့နှင့် ချမ်းသာကို စာဖတ်မည့်သူများသည် ဝေဖန်ခွဲခြား၍ နှလုံးပိုက်မိကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ချမ်းသာခြင်းသည် အောက်ဆုံး တောင်းစားနေရသူက စ၍ အထက်ရှင်ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ သူဌေးကြီးများ အပါအဝင်၊ လူတိုင်း အလိုရှိနေသော အရာ ဖြစ်ပါသည်။ သို့သော် ချမ်းသာခြင်း၊ ချမ်းသာကို ခံစားခြင်းဆိုရာ၌ ဘယ်ဟာကို ချမ်းသာဟု ဆုံးဖြတ်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်သည်ကို တွေ့နေရပေသည်။

ဥပမာ... မျက်စိအာရုံ အလှအပတွေကို ခံစားနေခြင်းပင် ချမ်းသာလော၊ နားအာရုံတွေဖြစ်သော တီးသံ၊ မှုတ်သံ၊ ဆိုသံတွေ ခံစားနေခြင်းပင် ချမ်းသာလော။ နှာခေါင်းဖြင့် ကောင်းလှသည်

mgyoe.com

mgyoe.com



ဆိုသော အမွေးနံ့ကို ခံနေသည်ပင် ချမ်းသာလော၊ အရသာရှိပါပေ့ ဆိုသည့် အစားအသောက်တွေကို နည်းအမျိုးမျိုးဖြင့် ချက်ပြုတ်ကြော်လှော် စားသောက်နေရသည်ကိုပင် ချမ်းသာခေါ်မည်လော။ ကိုယ်ကာယ အတွေ့၊ အထိနှင့် ခံစားမှုအမျိုးမျိုးကိုပင် ချမ်းသာခေါ်မည်လော။ စိတ်နှင့်ပင် အာရုံအမျိုးမျိုးတို့ကို ခံစား၍နေသည်ကိုပင် ချမ်းသာခေါ်မည်လော။ တစ်ခုစီ၊ တစ်ခုစီ ဝေဖန်ပိုင်းခြား စဉ်းစားသင့်ပေသည်။

ဤနေရာ၌ သံယုတ္တနိကာယ်၊ ကောသလသံယုတ်တွင် ပါဝင်သော ကောသလမင်းကြီးနှင့် ဘုရင်ငါးပါးတို့ ပြောဆိုကြပုံနှင့် ဘုရားရှင်ထံ အဆုံးအဖြတ်ခံပုံကို သိသင့်ပေသည်။

ကောသလမင်းနှင့် ဘုရင်ငါးပါးတို့ ဘုရားရှင်ထံ လျှောက်ကြပုံ၊ "မြတ်စွာဘုရား၊ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံ၍ စံပယ် ခံစားကြကုန်သော၊ မင်းငါးယောက်ဖြစ်ကုန်သော အကျွန်ုပ်တို့အား ကာမဂုဏ်ချမ်းသာတို့တွင် အဘယ်သည် အမြတ်ဆုံးနည်း ဟူသောစကား ထင်ရှားဖြစ်ကြပါ၏။ အချို့သော မင်းတို့က ရူပါရုံ အဆင်းသည် ကာမဂုဏ်တို့တွင် အမြတ်ဆုံးဟူ၍ ဆိုကြပါကုန်၏။ အချို့သော မင်းတို့က သဒ္ဒါရုံ အသံသည် ကာမဂုဏ်ချမ်းသာတို့တွင် အမြတ်ဆုံးဟူ၍ ဆိုကြပါကုန်၏။ အချို့သော မင်းတို့က ဂန္ဓာရုံ အနံ့သည် ကာမဂုဏ် ချမ်းသာတို့တွင် အမြတ်ဆုံးဟူ၍ ဆိုကြပါကုန်၏။ အချို့သော မင်းတို့က ရသာရုံ အရသာသည် ကာမဂုဏ်ချမ်းသာတို့တွင် အမြတ်ဆုံးဟူ၍ ဆိုကြပါကုန်၏။ အချို့သော မင်းတို့က ဖောဋ္ဌဗ္ဗာရုံ အတွေ့၊ အထိသည် ကာမဂုဏ်ချမ်းသာတို့တွင် အမြတ်ဆုံးဟူ၍ ဆိုကြပါကုန်၏။ မြတ်စွာဘုရား၊

mgyoe.com

mgyoe.com



ကာမဂုဏ် ချမ်းသာတို့တွင် အဘယ်သည် မြတ်ပါသနည်း” ဟု လျှောက်ကြားလေ၏။

အို... မြတ်သောမင်းကြီး၊ ငါးပါးသော ကာမဂုဏ်တို့တွင် နှစ်သက်ခြင်း၏အထွတ်သို့ ရောက်သော ကာမဂုဏ်ကို မြတ်၏ဟူ၍ ငါဘုရားသည် ဟောကြားတော်မူ၏။

အို... မင်းကြီး၊ အချို့သောသူတို့သည် ရူပါရုံကို နှစ်သက်ကုန်၏။ အချို့သောသူတို့အား မနှစ်သက်ကြကုန်။ အချို့သောသူတို့သည် မိမိတို့နှစ်သက်ရာ ရူပါရုံ၌ နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ပြည့်ပြည့်စုံစုံ ရှိကြကုန်အံ့။ ထိုသူတို့သည် ထိုရူပါရုံမှတစ်ပါး၊ မြတ်သော၊ ထူးသော၊ အထူးသဖြင့် လွန်မြတ်သော ရူပါရုံကို မတောင့်တ၊ ထိုရူပါရုံတို့သည်သာ ထိုပုဂ္ဂိုလ်အား အလွန်မြတ်သည် ဖြစ်ကုန်၏။ အတုမရှိမြတ်သည် ဖြစ်ကုန်၏။ အခြားသော ကာမဂုဏ်ချမ်းသာတို့တွင်လည်း ဤအတူသာလျှင် ဖြစ်ကုန်၏ဟု ဘုရားရှင် ဟောခဲ့ပေသည်။

ဤတရားတော်မှာ ကျွန်တော်တို့ ပုထုဇဉ်လူသားများအတွက် အလွန် မှန်လှပါသည်။ မိမိနှစ်သက်သော အာရုံကာမဂုဏ်ချမ်းသာကိုပင် အတုမရှိ ထင်မှတ်ကြပါသည်။ သို့သော် အဟုတ်တကယ် မှန်ပါ၏လော။

ကျွန်တော်သည် လွန်ခဲ့သော ၁၀ နှစ်၊ ၁၁ နှစ်ခန့် (၁၃၁၁ ခုနှစ်) လောက်က ကျွန်တော်၏ ဆရာဘုန်းတော်ကြီး၊ ကျွန်တော်၏ ညီမငယ်၊ မိတ်ဆွေအချို့တို့နှင့်အတူ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးထံသို့ သွားရောက်ဖူးမြော်ခဲ့ကြပါသည်။ ၆ ရက်မျှနေ၍ တရားအားထုတ်ခြင်း၊ ဆရာ

mgyoe.com

mgyoe.com


တော်ကြီးအား လျှောက်ထားဆွေးနွေးခြင်းဖြင့် ပြန်ခါနီးတွင် ကျွန်တော်၏ ညီမငယ်က ဆွဲကြိုးတစ်ကုံးကို တန်ဖိုးထား၍ ဆရာတော်ကြီးအား ကျောင်းတိုက်တွင် နဝကမ္မ အသုံးပြုနိုင်ရန် လှူဒါန်းပါသည်။ ထိုအခါတွင် ဆရာတော်ကြီးက ဆုပေးသည်မှာ "ဘာမျှမလိုချင်နဲ့" ဆိုသော ဆုတစ်ခုကိုသာ ပေးလိုက်ပါသည်။ ကျွန်တော်သည် လှူရတဲ့အကျိုးအတွက် ဘာမျှမလိုချင်နဲ့ဆိုသော ဆုကို အချိန်အတော်ကြာ နားမလည်ပါ။ နားလည်ရန်လည်း မလွယ်ကူပါ။ တစ်သက်လုံး မွေးစက သေသည့်အထိ လိုချင်လျက်သာ သေသွားရသော သူများမှာ ဘာမျှမလိုချင်နဲ့ဆိုသော စကားကို အဘယ်မှာ လက်ခံရန် လွယ်ကူပါမည်နည်း။

သို့သော် ကျွန်တော်သည် ရက်၊ လ၊ နှစ်အားဖြင့် ကြာမြင့်၍ တိတ်ဆိတ်သော ကျောင်းတိုက်၊ အလိုနည်းသော ရဟန်း၊ သံဃာတော်များ၏ ပတ်ဝန်းကျင်တွင် ရံခါရံခါ နေမိသောအခါ မလိုချင်ခြင်း၏ ချမ်းသာပုံကို အနည်းငယ် ရိပ်မိ၊ သိရှိလာခဲ့ပါသည်။

မလိုချင်ခြင်း၊ လိုချင်မှုကင်းခြင်းသည် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ် အစဉ်အားဖြင့် အဘယ်မျှပင် ဖြစ်စေ မလိုချင်စိတ်သည် ဖြစ်ပေါ်ခဲ့အံ့။ ထိုအချိန်၊ ထိုအခါသည် ချမ်းသာသော အချိန်ပင်ဖြစ်ကြောင်း အလွန် ထင်ရှားပါသည်။

မလိုချင် ဆိုရာ၌လည်း အလိုရှိနေလျက် မရ၍ မလိုချင်တော့ခြင်း၊ ပျင်းသဖြင့်၊ ဖျင်းသဖြင့် ရလိုနေလျက် မလိုချင်တော့ခြင်း အမျိုးမျိုး ရှိပါသည်။ အစွဲအလမ်းသည် ရှိနေသမျှ တကယ် မလိုချင်ခြင်း မဟုတ်ပါ။ တကယ့်ကိုပင် လိုချင်စိတ် လုံးဝမရှိသော အခိုက်အတန့်ကိုသာ ဆိုပါသည်။ မိမိကိုယ်ကို မိမိ တစ်ချိန်တစ်ခါ

mgyoe.com

mgyoe.com



တွင် ဘာမျှမလိုချင်သောအခါနှင့် တွေ့ကြုံကောင်း တွေ့ကြုံပါလိမ့်မည်။ သတိနှင့် စောင့်ကြည့်ပါ။

အထူးသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်သည် ဘယ်အခါ၊ ဘယ်ကာလ၊ ဘယ်ဘဝမှ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း၊ ရွေ့လျားခြင်း၊ ပျောက်ကွယ်ခြင်း မရှိ။ အတည်အမြဲ အစဉ်ချမ်းသာ၍ နေသော လောကတွင် မည်သည့် ဗြဟ္မာ၊ နတ်၊ လူ၊ ချမ်းသာပါသည်ဆိုသော ချမ်းသာတကာတို့ထက် လွန်မြတ်၍ အတုမရှိ၊ အတုမဲ့ချမ်းသာကို ရရှိရန် လိုလားသူတို့သည် လောကီအာရုံကာမဂုဏ်ချမ်းသာတို့ကို မဆိုထားနှင့်တော့ တရား၌ပင် မစွဲလမ်းကြကုန်လင့်၊ အစွဲကို စွန့်ကြကုန်လောဟု မူလ ပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ်တွင် အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်။

## စွဲယူဖို့မဟုတ်၊ ထွက်မြောက်ဖို့သာ

အို… ရဟန်းတို့၊ သြဃလေးဖြာ သံသရာမှ ကူးမြောက်စိမ့်သောငှာ သြဃလေးဖြာ သံသရာ၌ မမျောအောင် ဖောင်ဥပမာဖြင့် ဟောကြားအံ့။ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။

ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ဘေးဥပါဒ်တို့နှင့်ပြည့်သော ဤမှာဘက်ကမ်းမှ ကြောက်မက်ဖွယ်မရှိ၊ ဘေးမရှိသော ဟိုမှာဘက်ကမ်းသို့ ကူးမြောက်ရန် အလွန်ကျယ်ဝန်းသော ရေပြင်ကို မြင်လေရာ၏။ ဟိုမှာဘက်ကမ်းသည် ဘေးမှကင်း၏၊ ကြောက်ဖွယ်မရှိ၊ လှေလည်းမရှိ။ အကယ်၍ ငါသည် မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်အပေါင်းကို ဖောင်ဖွဲ့၍ ထိုဖောင်ဖြင့် လက်၊ ခြေတို့ဖြင့် အားထုတ်လှော်ခတ်၍သာ ချမ်းသာသဖြင့်

mgyoe.com

mgyoe.com



ဟိုမှာဘက်ကမ်းသို့ ကူးရမူကား ကောင်းလေရာ၏ဟု ကြံ၍ ထို အကြံဖြင့် ဟိုမှာဘက်ကမ်းသို့ ချမ်းသာစွာ ကူးမြောက်ခဲ့လေရာ၏။ ကူးမြောက်ပြီးသော် ထိုယောကျ်ားသည် ဤသို့ အကြံဖြစ်၏။ ဤဖောင်သည် ငါ့အား ကျေးဇူးများလှပေ၏။ ငါသည် ဤဖောင်ကို အမှီပြု၍ ချမ်းသာစွာ ကူးမြောက်ခဲ့ရလေပြီ။ ငါသည် ဖောင်ကို ဦးခေါင်းဖြင့် ရွက်၍လည်းကောင်း၊ ပခုံး၌ ထမ်းပိုး၍လည်းကောင်း အလိုရှိရာအရပ်သို့ သွားရမူကား ကောင်းလေရာ၏ဟု ကြံစည်ရာ၏။

ရဟန်းတို့၊ ဤသို့ ကြံစည်ခြင်းသည် ဤဖောင်၌ သင့်လျော်သော အမှန်အတိုင်း အမှုကိုပြုခြင်း ဖြစ်ပါသလော။

မြတ်စွာဘုရား၊ ဤသို့ပြုခြင်းသည် ထိုဖောင်၌ သင့်လျော်သော အမှုကို ပြုခြင်းမဖြစ်ပါဟု လျှောက်ကြကုန်၏။

ရဟန်းတို့၊ ထိုယောကျ်ားအား ဤဖောင်သည် ငါ့အား များသော ကျေးဇူးရှိပေ၏။ ငါသည် ဤဖောင်ကို အမှီပြု၍သာလျှင် ဘေးကင်းစွာ၊ ချမ်းသာစွာသာလျှင် လက်၊ ခြေတို့ဖြင့် အားထုတ်လျက် ဘေးကင်းသော တစ်ဖက်ကမ်းသို့ ကူးမြောက်ခဲ့ရလေပြီ။ အကယ်၍ ဤဖောင်ကို ကုန်း၌တင်၍လည်းကောင်း၊ ရေ၌ မျှော၍လည်းကောင်း အကြင်အလိုရှိရာအရပ်သို့ သွားရမူကား ကောင်းလေရာ၏ဟု ကြံ၏။ ရဟန်းတို့၊ ဤသို့ ပြုခြင်းသာလျှင် ထိုဖောင်၌ သင့်လျော်သော အမှုကို ပြုခြင်း ဖြစ်ရာ၏။

ရဟန်းတို့၊ ဤအတူသာလျှင် သြဃလေးဖြာ သံသရာမှ ထွက်မြောက်စေခြင်းအကျိုးငှာ၊ မနစ်မွန်း မမျောပါကြစေခြင်း အကျိုးငှာ "သင်တို့သည် သမထမှု၊ ဝိပဿနာမှုတို့၌သော်လည်း ဆန္ဒရာဂကို ပယ်စွန့်အပ်၏။ ရှာသူဂတို့၏ အကျင့်အခမ္မ အယုတ်

mgyoe.com

mgyoe.com



**တရားတို့ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း ပယ်စွန့်အပ်သည်သာ ဖြစ်ကုန်၏"။ ။**

ဘုရားရှင်ကိုယ်တော်မြတ်၏ ဤဖောင် ဥပမာဖြင့် ဟောတော်မူရာတွင် ဟောတော်မူသော တရားတော်တို့သည်ပင် "စွဲယူဖို့ရာမဟုတ် ထွက်မြောက်ဖို့သာ" ဖြစ်သည်မှာ ထင်ရှားပေသည်။

ထို့ကြောင့် ဤနေရာ၌ အထက်က ဖော်ပြခဲ့သည့်အတိုင်း "အတုမဲ့ချမ်းသာ" ကို အလိုရှိသူသည် စွဲယူခြင်း၊ တပ်မက်ခြင်း၊ ကာမဂုဏ်ချမ်းသာဟူသမျှကို ခံစားလိုခြင်း၊ တရား၌ပင်လည်း နှစ်သက်တွယ်တာ၍နေခြင်း၊ မစွန့်လွှတ်နိုင်ခြင်း ရှိနေသေးလျှင် "အတုမဲ့ချမ်းသာ" ကို တွေ့နိုင်ရန် လွယ်ကူမည် မဟုတ်ပါ။ သို့သော် အတုမဲ့ချမ်းသာ၏ အာရုံကို ရိပ်စားမိ၊ စမ်းဝါးမိနိုင်က အင်္ဂလန်၊ ဂျပန်၊ အမေရိကန်၊ ရုရှား စသော နိုင်ငံများ၏ အကြောင်းကို စာအုပ်ဖတ်ခြင်း၊ တစ်ဆင့် ပြောသိရခြင်းဖြင့် သွားလိုစိတ်သည် ပြင်းပြလာ၍ သွားဖြစ်အောင်၊ သွားနိုင်အောင် ကြိုးစားသူကဲ့သို့ "အတုမဲ့ ချမ်းသာ" ကြောင့် ကာမဂုဏ် ချမ်းသာများကို စွန့်ဝံ့သောစိတ်များ ပေါ်ပေါက်လာစေရန်ကား မုချ ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် "အတုမဲ့ချမ်းသာ" ကို ထုတ်ဝေဖြန့်ချိရာတွင် ကျမ်းဂန်တတ်၊ စာတတ်ပုဂ္ဂိုလ်များအဖို့ထက် မြန်မာစာတတ်သူတိုင်းအတွက် "အတုမဲ့ချမ်းသာ" ၏ အရသာကို ခံယူနိုင်ရန် ရည်ရွယ်၍ စီစဉ်ထုတ်ဝေပါသည်။

စာအုပ်စီစဉ်ရာတွင် လူတိုင်း အာရုံပြုနိုင်ရန် အမေးအဖြေဖြစ်သော မိလိန္ဒမင်းနှင့် ရှင်နာဂသေနထေရ်တို့၏ အမေးအဖြေကို

mgyoe.com

mgyoe.com



ဦးစွာ ထည့်သွင်း၍ မြန်မာပြည် ရာဇဝင်တစ်လျှောက် မြန်မာစာပေတွင် အလွန်ကျော်ဇောထင်ရှားသော ယောအတွင်းဝန်မင်းကြီး ဦးဖိုးလှိုင်၏ မင်းတုန်းဘုရင်ကြီးအား ရေးသားဆက်သွင်းသော နိဗ္ဗာန်အကြောင်း စာတမ်းကို ထည့်သွင်းဖော်ပြထားပါသည်။ ထိုစာတမ်းမှာ အလွန်ရှား၍ တွေ့နိုင်ခဲသော စာတမ်းဖြစ်သည့်ပြင် အချိန်နည်းနည်းနှင့် သဘာဝကို ပေါ်အောင် ကြည့်နိုင်သော စာတမ်းတစ်ခု ဖြစ်ပါသည်။ ထို့ပြင် ရွှေကျင်ဂိုဏ်းကြီး၏ တတိယ သာသနာပိုင်ဖြစ်သော ဒုတိယ မဟာဝိသုဒ္ဓါရုံ ဒီပဲယင်းဆရာတော်ကြီး၏ နိဗ္ဗာန ဝိနစ္ဆယနှင့် ပရမတ္ထ စက္ခုမှ နိဗ္ဗာန်အကြောင်းများမှာလည်း လူတွေ့နည်း၍ စာထက် သဘာဝကို မိအောင် ရေးပေးထားသောစာများ ဖြစ်ပါသည်။ ထို့ပြင် အများသိဖြစ်သော စွန်းလွန်းဆရာတော်ဘုရားကြီး၏ အဖြေနှင့် အမရပူရ မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသဆရာတော်၏ သင်္ဂြိုဟ်ဘာသာ ဋီကာမှ နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် သဘာဝကို ဖော်ပြထားသော စာများမှာ စာဖတ်သူတိုင်း နှစ်သက်နိုင်မည်ဟု ထင်ပါသည်။

အရှင်အာဒိစ္စဝံသဆရာတော် ရေးသားတော်မူသော တရားမှန်တော်ကြီးမှ လောကဆုံးနိဗ္ဗာန်တွင် ပါဝင်သော သုတ်တော်များနှင့် ကျွန်တော်တို့ စာအုပ်ထုတ်ဝေရန် စီစဉ်ထားသော မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှ မာဂဏ္ဍိယသုတ်တော် မြတ်တို့မှာ "အတုမဲ့ချမ်းသာ" ကို နားလည်နိုင်၊ နှစ်သိမ့်နိုင်ရန်အတွက် အထောက်အပံ့ရလိမ့်မည်ဟု မုချယူဆပါသည်။

အတုမဲ့ချမ်းသာ နိဗ္ဗာန်အကြောင်းနှင့် ပတ်သက်၍ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ရေးသားသော စာပေများ အမြောက်အမြား

mgyoe.com

mgyoe.com



ရှိပါသည်။ သို့သော် စာထက် သဘောကိုသာ အဓိကထား၍ ဤမျှ ဖြင့်သာ လူအများ နားလည်နိုင်ခွင့် ရနိုင်ရုံ ရွေးချယ်စုဆောင်း တင်ပြထားခြင်း ဖြစ်ပါသည်။

စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှ နည်းလမ်းကျသည်၊ စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်းမကျဟု မှတ်ထင်တတ်သည်၊ မမှတ်ထင်လင့်။

ဘုရားလက်ထက်တော်က စာမသင်၊ ပေမသင် စာမတတ်ဘဲ၊ ကကြီးလုံး၊ ခကွေးလုံးကိုမျှ မသိဘဲ နိဗ္ဗာန်ရောက်သူတွေသာ များသည်။ စာတတ်၍ နိဗ္ဗာန်ရောက်သူ အနည်းငယ်သာ ရှိသည်။ နည်းကောင်းရသည်သာ လိုရင်း ဖြစ်သည်။

အမှန်ကျန နည်းကောင်းရလျှင် ယုံယုံကြည်ကြည်သာ အားထုတ်သည်ထက် ကောင်းသောအလုပ် တစ်လောကလုံးမှာ မရှိ။

ဤစကားများကို ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ပရမတ္ထစက္ကူတွင် တွေ့ရသဖြင့် အလွန်ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါသည်။

"အတုမဲ့ချမ်းသာ" နိဗ္ဗာန်ကို အလိုရှိကုန်သော သူတို့ သည် စာတတ်ဖြစ်ဖို့ထက် သဒ္ဓါတရားနှင့် လိုချင်သော ဆန္ဒ၊ လုံ့လဝီရိယ ရိုးသားဖြောင့်မတ်ခြင်း၊ အလွန်ဖြောင့်မတ်ခြင်း၊ ဟန်မဆောင်ခြင်း၊ မလှည့်စားခြင်း၊ သစ္စာရှိခြင်း၊ မိတ်ကောင်း ရှိခြင်း စသော လက္ခဏာတို့နှင့် ပြည့်စုံမည်ဆိုပါလျှင် မုချ ရနိုင် မည်ဟု ယုံကြည်မိပါသည်။

သဒ္ဓါတရားနှင့် ဖြောင့်မတ်ခြင်းမှာမူ အထူးသဖြင့် အလွန်

mgyoe.com

mgyoe.com



အရေးကြီးသောအချက်ဟု ထင်ပါသည်။ သဒ္ဓါမရှိလျှင်လည်း မလိုချင်တော့ပါ။ လိုချင်သော်လည်း ဖြောင့်မတ်မှုမရှိလျှင် ဘယ်နည်းမှ မရနိုင်ပါ။

"အတုမဲ့ချမ်းသာ" ကို ရရှိရန် လုပ်နည်းနှင့် ကျင့်ဝတ်များ လိုပါသည်။ တစ်ခုတည်းနှင့် ချုပ်၍ဆိုရလျှင် "မိတ်ကောင်း" သည် အချုပ်ဖြစ်ပါသည်။ မိတ်ကောင်းတစ်ယောက်ရလျှင် အားလုံး ပြီးမြောက်နိုင်ပါသည်။ မိတ်ကောင်းဆိုတာ ဘယ်လို ပုဂ္ဂိုလ်၊ ဘယ်မှာရှိသည်ဆိုတာကိုမူ အလိုရှိသူတို့ ကြံကြပါကုန်။

## မိတ်ကောင်း

ဘုရားရှင်ကိုယ်တော်မြတ်သည် တစ်ရံခါတွင် ညီတော် အာနန္ဒာကို အမိန့်ရှိသည်မှာ မိတ်ကောင်းသည် အဘယ်မျှလောက် အကျိုးကို ပြီးစေသနည်းဟု မေးတော်မူသောအခါ မိတ်ကောင်းသည် မိမိ၏ တစ်ဝက်သောအကျိုးကို ပြီးစေသည်ဟု ဖြေခဲ့ရာ အာနန္ဒာ ဤကဲ့သို့ မမှတ်လင့်၊ မိတ်ကောင်းသည် အဆုံးတိုင်သော အကျိုး၊ အပြီးတိုင်သော အကျိုးကို ပေးနိုင်၏။ အာနန္ဒာ ငါ ဘုရားတည်းဟူသော မိတ်ကောင်းကြောင့် သင်တို့အကျိုးကို အားလုံး ပြီးစေသည် မဟုတ်လောဟု ဟောတော်မူခဲ့ပါသည်။

"မိတ်ကောင်း" ဖြစ်သော သံဃာကောင်း၊ လူကောင်း၊ စာအုပ်ကောင်းများကို မရမနေ ရှာဖွေဆည်းပူး ချဉ်းကပ်ကြပါကုန်။ "အတုမဲ့ချမ်းသာ" အား မိမိတို့တွင် ရှိနေကြသော ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ အိမ်ရာ၊ တိုက်တာ၊ ဂုဏ်ထူး၊ ရာထူး၊ သားသမီး၊ လင်မယားတို့လောက်မျှ တန်ဖိုးထား၍ ထိန်းသိမ်းခြင်း၊ ရှာဖွေ

mgyoe.com

mgyoe.com



ခြင်း၊ ကြိုးစားဆည်းပူးခြင်း မရှိပါလျှင်မူ ဘယ်နည်းနှင့်မျှ ရနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် "အတုမဲ့ချမ်းသာ" နိဗ္ဗာန်ကို ပထမ သိချင်၊ လိုချင်လာအောင် အတုမဲ့ချမ်းသာဟူသော ဤစာအုပ်ငယ်သည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား စွမ်းဆောင်နိုင်ခဲ့သော် ကျွန်တော်တို့၏ ရည်ရွယ်ချက်သည် အောင်မြင်သင့်သလောက် အောင်မြင်ပြီဟု ယုံကြည်ပါသည်။

ကျွန်တော်တို့သိသလောက် ဘယ်ခါမျှ ဖောက်ပြန်ခြင်း၊ မျက်နှာလိုက်ခြင်း မရှိသော မိတ်ဆွေကောင်းများ ဖြစ်ကြသည့် စာအုပ်ကောင်းအချို့ကိုလည်း စာအုပ်အဆုံး နိဂုံးတွင် ဖော်ပြလိုက်ပါသည်။

ငါးကြော်ကို စားလိုသူသည် ငါးတစ်ကောင်လုံးတွင် အရိုးကိုဖယ်၍ စားရသည်ဟူသော ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အဆုံးအမကဲ့သို့ စာအုပ်များကိုလည်း (ယောနိသော မနသိကာရ) သင့်တင့်အောင် နှလုံးသွင်း၍ မိမိတို့ အလိုရှိရာကို ထုတ်ယူ သုံးစွဲနိုင်ကြပါလေ။

"အတုမဲ့ချမ်းသာ" နိဗ္ဗာန်ကိုရောက်ရန်၊ ရနိုင်ရန် မခက်ပါ။ လိုချင်ရန်သာ ခက်ပါသည်။

ထိန်ဝင်း

၁၄ - ၅ - ၅၉။

■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မိလိန္ဒပဉှာ

မိလိန္ဒမင်းကြီး မေး၍ ရှင်နာဂသေန မထေရ် ဖြေကြားတော်မူသော ကံအကြောင်းတရားနှင့် နိဗ္ဗာန်အကြောင်း၊ ဘုရားရှင် ရှိ မရှိ အကြောင်းများကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၊ ဟံသာဝတီသတင်းစာတိုက်မှ ၁၉၀၂ ခုနှစ်တွင် ရိုက်နှိပ်သော မိလိန္ဒပဉှာကျမ်းစာမှ ထုတ်နုတ်ဖော်ပြပါသည်။

mgyoe.com

mgyoe.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဘုရားရှင် ထင်ရှားရှိ၏လော

## ဗုဒ္ဓနိဒဿနပဥှာ

မိလိန္ဒမင်းသည်... အရှင်ဘုရား၊ ဘုရားရှင်သည် ထင်ရှား ရှိ၏လောဟု မေး၏။ အဖြေကား မင်းကြီး၊ ဘုရားရှင်သည် ထင်ရှား ရှိတော်မူ၏ဟု ဖြေသော် အရှင်ဘုရား၊ ဘုရားရှင်ကို ဤမည်ဤ မည်သောအရပ်၌ ရှိ၏ဟုပြခြင်း၊ ညွှန်ခြင်းငှာ တတ်နိုင်အံ့လောဟု မေးသော် မင်းကြီး၊ ဘုရားသခင်သည် ကမ္မဇရုပ် အကြွင်းမရှိ၊ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ ဘုရားရှင်ကို ဤမည်... ဤမည်သော အရပ်၌ရှိ၏ဟု ပြခြင်းငှာ မတတ်နိုင်ဟု ဖြေ၏။ အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့ဟု ဆိုသော် မင်းကြီး အသို့ အောက် မေ့သနည်း။ ပြောင်ပြောင်တောက်သော မီးပုံကြီး၏ အလျှံသည် ငြိမ်းခြင်း၊ ချုပ်ခြင်းသို့ ရောက်၏။ ထိုမီးလျှံကို ဤမည်... ဤမည် သော အရပ်၌ ရှိသေး၏ဟု ပြခြင်း၊ ညွှန်ခြင်းငှာ တတ်နိုင်ကောင်းအံ့

mgyoe.com

mgyoe.com


လောဟု ဆို၏။ အရှင်ဘုရား ပြောင်ပြောင်တောက်သော မီးပုံကြီး၏ ငြိမ်းခြင်း၊ ချုပ်ခြင်းသို့ ရောက်သော် ဤမည်... ဤမည်သောအရပ်၌ မီးလျှံသည် ရှိသေး၏ဟု ပြခြင်း၊ ညွှန်ခြင်းငှာ မတတ်နိုင်ရာ။ ချုပ်လေပြီးသော မီးလျှံသည် ရှိသေး၏ဟု မခေါ်ဝေါ်အပ်သောအဖြစ်သို့ ရောက်၏ဟု ဆိုသော် မင်းကြီး ထိုမီးပုံကြီးကဲ့သို့ ဘုရားသခင်သည် ကမ္မဇရုပ် အကြွင်းမရှိ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၍ ချုပ်ခြင်းသို့ ရောက်တော်မူလေပြီ။ ဤမည်... ဤမည်သောအရပ်၌ ဘုရားရှင် ရှိသေး၏ဟု ပြခြင်းငှာ မတတ်နိုင်ရာ။ မင်းကြီး၊ ဘုရားရှင်သည် ဟောတော်မူအပ်သော တရားတော်အပေါင်းဖြင့်ကား ဘုရားရှင် ထင်ရှားရှိကြောင်းကို ပြခြင်းငှာ တတ်နိုင်ကောင်း၏။ ထိုစကားသည်လည်း မှန်၏။ မှန်ကြောင်းကား မင်းကြီး၊ ဘုရားရှင် ဟောတော်မူသော တရားတော်သည် ထင်ရှားရှိသောကြောင့် ဘုရားရှိ၏ဟု ဆိုခြင်း၊ ပြခြင်းငှာ တတ်ကောင်း၏ဟု ဖြေသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံ၏။

ဗုဒ္ဓနိဒဿနပဥှာ ပြီး၏။

■

mgyoe.com

mgyoe.com

# ကံအဘယ်မှာနည်း

## ကမ္မဖလာနံ အတ္ထိဘာဝပဥှာ

မိလိန္ဒမင်းသည် အရှင်ဘုရား၊ ဤနာမ်ရုပ်ဖြင့် ကုသိုလ်၊ အကုသိုလ်ကံကို ပြုအပ်၏။ ထိုကုသိုလ်၊ အကုသိုလ်ကံ တရားတို့သည် အဘယ်အရပ်၌ တည်ကုန်သနည်းဟု မေး၏။ အဖြေကား မင်းကြီး၊ ထိုကုသိုလ်၊ အကုသိုလ်ကံတရားတို့သည် သွားလေသောအခါ၌ အရိပ်ပါသကဲ့သို့ အစဉ်အတိုင်း လိုက်ကုန်၏ဟု ဖြေသော် အရှင်ဘုရား၊ ထိုကုသိုလ်၊ အကုသိုလ်ကံတို့ကို ဤမည်သော အရပ်တို့၌ တည်ကုန်၏ဟု ပြခြင်းငှာ တတ်နိုင်အံ့လောဟု မေးပြန်၏။ မင်းကြီး ထိုကုသိုလ်၊ အကုသိုလ်ကံတို့ကို ဤမည်... ဤမည်သောအရပ်တို့၌ တည်ကုန်၏ဟူ၍ ပြခြင်းငှာ မတတ်နိုင်ဟုဆိုလျှင် အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့ဟု ဆို၏။ မင်းကြီး အသို့အောက်မေ့သနည်း။ အကြင်သစ်ပင်တို့သည် အသီးမရှိကုန်။ ထိုသစ်ပင်တို့ကို ဤမည်... ဤမည်သော သစ်ပင်တို့သည် အသီးရှိ

mgyoe.com

mgyoe.com



လျက် တည်ကုန်၏ဟု ပြခြင်းငှာ တတ်ကောင်းအံ့လောဟုဆိုသော် အရှင်ဘုရား၊ အသီးမရှိသော သစ်ပင်တို့ကို အသီးရှိကုန်၏ဟု ပြခြင်းငှာ မတတ်နိုင်ချေဟူ၍ဆိုသော် မင်းကြီး၊ ထို့အတူလည်းကောင်း သံသရာဘ၀၏ မပြတ်ဖြစ်သော အစဉ်ဖြင့် ထိုကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ဤမည်... ဤမည်သော အရပ်၌ တည်ကုန်၏ဟူ၍ ထုတ်ဖော်ခြင်းငှာ မတတ်နိုင်ကောင်းဟု ဆိုသော် အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံ၏။

ကမ္မဖလာနံ အတ္ထိဘာ၀ပဥှာ ပြီး၏။

■

mgyoe.com

mgyoe.com

# ကံ၊ အကြောင်း၊ ဥတု

## ကမ္မဇပဉှာ

မိလိန္ဒမင်းလည်း အရှင်ဘုရား၊ အဘယ်တရားသည် ကံကြောင့် ဖြစ်လေသနည်း။ အဘယ်တရားသည် အကြောင်းကြောင့် ဖြစ်သနည်း။ အဘယ်တရားသည် ဥတုကြောင့် ဖြစ်သနည်း။ အဘယ်တရားသည် ကံကြောင့် မဖြစ်သနည်း။ အဘယ်တရားသည် အကြောင်းကြောင့် မဖြစ်သနည်း။ အဘယ်တရားသည် ဥတုကြောင့် မဖြစ်သနည်းဟု ဆို၏။

အဖြေကား။ ။မင်းကြီး၊ စိတ် ဝိညာဉ် ရှိကုန်သော အကြင်သတ္တဝါတို့သည် ရှိကုန်၏။ ထိုခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ကံကြောင့် ဖြစ်ကုန်၏။ မီးသည်လည်းကောင်း၊ အလုံးစုံသော မျိုးစေ့တို့သည်လည်းကောင်း အကြောင်းကြောင့် ဖြစ်ကုန်၏။ မင်းကြီး၊ မြေ၊ တောင်၊ ရေ၊ လေ အလုံးစုံတို့သည် ဥတုကြောင့် ဖြစ်ကုန်၏။ ကောင်းကင်၊ နိဗ္ဗာန် ဤနှစ်ပါးသော တရားတို့သည်

mgyoe.com

mgyoe.com


ကံကြောင့်လည်းမဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ်။ မင်းကြီး၊ နိဗ္ဗာန်ကို ကံကြောင့်ဖြစ်သော တရားဟူ၍လည်းကောင်း၊ အကြောင်းကြောင့်ဖြစ်သော တရားဟူ၍လည်းကောင်း၊ ဥတုကြောင့်ဖြစ်သော တရားဟူ၍လည်းကောင်း မဆိုအပ်။ ဥပ္ပန္နဓမ္မဟူ၍လည်းကောင်း၊ အနုပ္ပန္နဓမ္မဟူ၍လည်းကောင်း၊ ဥပါဒိယဓမ္မဟူ၍လည်းကောင်း၊ အနုပါဒိယဓမ္မဟူ၍လည်းကောင်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တရားဟူ၍ လည်းကောင်း၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်တို့သည် သိအပ်သော အာရုံဟူ၍လည်းကောင်း မဆိုအပ်။ စင်စစ်သော်ကား မနောဝိညာဉ်သည် သိအပ်သော အာရုံဖြစ်၏။ အကြင်နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကို ကောင်းသောအကျင့်နှင့် ပြည့်စုံသော အရိယာ၏ တပည့်သည် စင်ကြယ်သန့်ရှင်းသောဉာဏ်ဖြင့် မြင်၏ ဟုဆိုသော် အရှင်ဘုရား၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိပေပြီ။ ပြဿနာကို ကောင်းစွာ ဆုံးဖြတ်ပေပြီ။ ယုံမှားခြင်း ကင်းပေပြီ။ ဧကန်စင်စစ် ယုံမှားသကော်ကို ဖြတ်တော်မူပေပြီ။ အရှင်သည် မြတ်သောသဘောရှိ၍ မြတ်သောဂိုဏ်းတို့၏ဆရာ ဖြစ်တော်မူပေ၏ဟု ချီးမွမ်း၍ ဝန်ခံလေ၏။

ကမ္မဇပဉှာ ပြီး၏။

■

mgyoe.com

mgyoe.com

## နိဗ္ဗာန်မရသူ၊ နိဗ္ဗာန်ချမ်းသာ သိ၏လော

### နိဗ္ဗာနံလဘန္တဿသုခတာဝဇာနနပဉှာ

မိလိန္ဒမင်းသည် အရှင်ဘုရား၊ အကြင်သူသည် နိဗ္ဗာန်ကို မရ၊ ထိုမရသောသူသည် နိဗ္ဗာန်တရား ချမ်းသာလှ၏ဟု အနက် အဓိပ္ပာယ်ကို သိရာအံ့လောဟု မေး၏။

အဖြေကား။ ။ မင်းကြီး၊ အကြင်သူသည် နိဗ္ဗာန်ကိုမရ၊ ထိုမရသောသူသည် နိဗ္ဗာန်တရားချမ်းသာလှ၏ဟု သိ၏ဟူ၍ ဖြေသော် အရှင်ဘုရား၊ နိဗ္ဗာန်ကို မရဘဲလျက် နိဗ္ဗာန်သည် ချမ်းသာလှ၏ဟု အဘယ်ကြောင့် သိနိုင်လေသနည်းဟု မေးပြန်၏။

အဖြေကား။ ။ မင်းကြီး၊ အသို့ အောက်မေ့သနည်း။ အကြင်သူတို့အား ဖြတ်အပ်သော လက်၊ ခြေ ရှိကုန်သည် မဖြစ်ကုန်။ ထိုသူတို့သည် မင်းကြီး လက်၊ ခြေ၏ ပြတ်ခြင်းသည် ဆင်းရဲ၏ဟု သိရာမည်လောဆိုလျှင် အရှင်ဘုရား၊ လက်၊ ခြေပြတ်သော် ဆင်းရဲချေ၏ဟု ထိုသူတို့သည် သိလေကုန်ရာ၏ဟုဆိုလျှင်

mgyoe.com

mgyoe.com

မင်းကြီး၊ ထိုသူတို့ အဘယ့်ကြောင့် သိလေကုန်အံ့နည်းဟု မေးပြန်သော် အရှင်ဘုရား၊ လက်၊ ခြေပြတ်သော တစ်ပါးသူတို့၏ ငိုကြွေးသောအသံကို ကြားရ၍ လက်၊ ခြေပြတ်သော် ဆင်းရဲချေ၏ဟူ၍ သိကုန်ရာ၏ဟုဆိုလျှင် မင်းကြီး၊ ထို့အတူ အကြင်ပုဂ္ဂိုလ်မြတ်တို့သည် နိဗ္ဗာန်ကို မြင်ကုန်၏။ ထိုနိဗ္ဗာန်ကို မြင်သော သူတို့၏စကားကို ကြားရ၍ နိဗ္ဗာန်သည် ချမ်းသာလှ၏ဟူ၍ သိ၏ဟူ၍ ဖြေသော် အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံ၏။ (နိဗ္ဗာန်ချမ်းသာစကားနှင့် လက်၊ ခြေပြတ်သော ဆင်းရဲစကားကို ဥပမာပြုခြင်းသည် အသိဒိသူပမာဖြင့်ပြ၍ ဖြေသည်ဟု ယူဆအပ်သည်။)

နိဗ္ဗာနံ လဘန္တ္တသသုခတာဝဇာနနပဉှာ ပြီး၏။

■

mgyoe.com

mgyoe.com

# အကြောင်းကြောင့် မဖြစ်သောတရား

## နိဗ္ဗာနပဥှာ

မိလိန္ဒမင်းသည် အရှင်ဘုရား၊ လောက၌ ကံတရားကြောင့် ဖြစ်သော တရားတို့သည် ထင်ကုန်၏။ အကြောင်းကြောင့်ဖြစ်သော တရားတို့သည်လည်း ထင်ကုန်၏။ ဥတုကြောင့်ဖြစ်သော တရားတို့သည်လည်း ထင်ကုန်၏။ လောက၌ ကံကြောင့်လည်း မဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတုကြောင့်လည်း မဖြစ်သော အကြင်တရားသည် ရှိအံ့။ ထိုတရားကို ဒကာတော်အား ဟောကြားပါလော့ဟု ဆို၏။ ပါဠိကား...

ဘန္တေ နာဂသေန ဒိဿန္တိလောကေ
ကမ္မနိဗ္ဗတ္တာ၊ ဒိဿန္တိဟေတုနိဗ္ဗတ္တာ၊ ဒိဿန္တိ
ဥတုနိဗ္ဗတ္တာ၊ ယံလောကေ အကမ္မဇံ အဟေ တုဇံ
အနုတုဇံ တံမေအက္ခာဟီတိ။

ဟူသည်တည်း။ ဘန္တေ နာဂသေနထေရ်၊ လောကေ၊

mgyoe.com

mgyoe.com


လောကဉ္စ။ ကမ္မနိဗ္ဗတ္တာ၊ ကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်ကုန်သော တရားတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဥတုနိဗ္ဗတ္တာ၊ အကြောင်းကြောင့်ဖြစ်ကုန်သော တရားတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဥတုနိဗ္ဗတ္တာ၊ ဥတုကြောင့်ဖြစ်ကုန်သော တရားတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ လောကေ၊ လောကဉ္စ။ ယံ အကမ္မဇံ၊ အကြင်ကံကြောင့်ဖြစ်သည်လည်း မဟုတ်သော တရားသည်လည်းကောင်း။ ယံ အဟေတုဇံ၊ အကြင်အကြောင်းကြောင့် ဖြစ်သည်လည်းမဟုတ်သော တရားသည်လည်းကောင်း၊ ယံ အနုတုဇံ၊ အကြင်ဥတုကြောင့် ဖြစ်သည်လည်း မဟုတ်သော တရားသည်လည်းကောင်း။ အတ္ထိ၊ ရှိရာ၏။ တံ၊ ထိုတရားကို။ မေ၊ တကာတော်အား။ အက္ခာဟိ၊ ကြားတော်မူပါလော့။ ဣတိ၊ သို့။ ပုစ္ဆိ၊ မေး၏။

အဖြေကား။ ။ မင်းကြီး၊ လောကဉ္စ ကံတရားကြောင့်လည်း မဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတုကြောင့်လည်း မဖြစ်သော တရားတို့သည် ဤနှစ်ပါးတို့တည်း။ နှစ်ပါးဟူသော်ကား (၁) မင်းကြီး၊ ကောင်းကင်သည် ကံကြောင့်လည်းမဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ်၊ (၂) နိဗ္ဗာန်သည် ကံကြောင့်လည်းမဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ်၊ မင်းကြီး၊ ဤနှစ်ပါးသော တရားတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် မဖြစ်ကုန်၊ အဖြေပါဋ္ဌကား။

ဒွေမေ မဟာရာဇ လောကသ္မိံ အကမ္မ
ဇာ အဟေတုဇာ အနုတုဇာ၊ ကတမေဒွေ
အာကာသော မဟာရာဇ အကမ္မဇော ဟေတု

mgyoe.com

mgyoe.com


ဇာေ အနုတု ဇာေ၊ နိဗ္ဗာနံ မဟာရာဇ အက
မ္မဇံ၊ အဟေတုဇံ၊ အနုတုဇံ၊ က္လမေ ဒွေ မဟာ
ရာဇ အကမ္မဇာ၊ အဟေတုဇာ၊ အနုတုဇာတိ။

ဟူသည်တည်း။ မဟာရာဇ၊ မင်းကြီး။ လောကသ္မိံ၊ လောကဌ်၌။ က္လမေဒွေ၊ ဤနှစ်ပါးသော တရားတို့သည်။ အကမ္မဇာ၊ ကံကြောင့်လည်း မဖြစ်ကုန်။ အဟေတုဇာ၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်။ အနုတုဇာ၊ ဥတုကြောင့်လည်း မဖြစ်ကုန်။ ကတမေဒွေ၊ အဘယ်နှစ်ပါးတို့နည်း ဟူမူကား။ မဟာရာဇ၊ မင်းကြီး။ အာကာသော၊ ကောင်းကင်သည်။ အကမ္မဇော၊ ကံကြောင့်လည်း မဖြစ်။ အဟေတုဇော၊ အကြောင်းကြောင့်လည်းမဖြစ်။ အနုတုဇော၊ ဥတုကြောင့်လည်းမဖြစ်။ မဟာရာဇ၊ မင်းကြီး။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အကမ္မဇံ၊ ကံကြောင့်လည်းမဖြစ်။ အဟေတုဇံ၊ အကြောင်းကြောင့်လည်း မဖြစ်။ အနုတုဇံ၊ ဥတုကြောင့်လည်း မဖြစ်။ မဟာရာဇာ၊ မြတ်သောမင်းကြီး။ ဒွေ၊ နှစ်ပါးကုန်သော။ က္လမေဓမ္မာ၊ ဤတရားတို့သည်။ အကမ္မဇာ၊ ကံကြောင့်လည်း မဖြစ်ကုန်။ အဟေတုဇာ၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်။ အနုတုဇာ၊ ဥတုကြောင့်လည်း မဖြစ်ကုန်။ က္လတိ၊ ဤသို့ ဖြေတော်မူ၏။

အရှင်ဘုရား၊ မြတ်စွာဘုရား စကားတော်ကို မချေ မဖျက်ဆီးပါလင့်၊ မသိဘဲလျက် ပြဿနာကို မကြားမဖြေပါလင့်ဟုဆိုသော် မင်းကြီးသည် အဘယ်ကြောင့် ဤသို့သောစကားကို ဆိုလေ သနည်း။ နိဗ္ဗာန်တရားသည် ကံကြောင့်မဖြစ်၊ အကြောင်းလည်းမရှိ၊ ဥတုကြောင့်လည်းမဖြစ်၊ ကောင်းကင်သည်လည်း

mgyoe.com

mgyoe.com


ကံကြောင့်မဖြစ်၊ အကြောင်းလည်းမရှိ၊ ဥတုကြောင့်လည်း မဖြစ် ဟူ၍သာ ဤစကားကို ဆိုခြင်းသည် သင့်တင့်လျောက်ပတ်၏ဟု ဆိုသော် အရှင်ဘုရား၊ များစွာသော အကြောင်းတို့ဖြင့် ဘုရားရှင် သည် တပည့်တော်တို့အား နိဗ္ဗာန်ကို မျက်မှောက်အာရုံ ပြုစေခြင်းငှာ ဟောတော်မူအပ်၏တကား။ ထိုသို့လျက် အရှင်ဘုရားသည် နိဗ္ဗာန်သည် အကြောင်းတရား မရှိဟူသော ဤစကားကို ဆိုပြန် တကား။ ထို့ကြောင့် ဆရာတော်သည် မြတ်စွာဘုရား စကား တော်ကို မချေပါလင့်၊ မဖျက်ဆီးပါလင့်၊ မသိဘဲလျက် ပြဿနာကို မဖြေပါလင့်ဟု ဆိုသည်ဟု ဆို၏။ မင်းကြီး၊ မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တပည့်တော်တို့အား နိဗ္ဗာန်ကို မျက်မှောက်အာရုံ ပြုစိမ့်သောငှာ အကြောင်းတရားကို ဟောတော် မူအပ်သည် မှန်၏။ နိဗ္ဗာန်တရားသည် အကြောင်းကို ဖြစ်စိမ့် သောငှာ ဟောတော်မမူအပ်ဟုဆိုသော်...

ထိုစကားကို မိလိန္ဒမင်းသည် ထွေးရှုပ်လှသောကြောင့် မေးပြန်၏။

အရှင်ဘုရား၊ ဒကာတော်တို့သည် နိဗ္ဗာန်ကို မျက်မှောက် ပြုစိမ့်သောငှာ အကြောင်းတရားသည် ရှိ၏။ ထိုနိဗ္ဗာန်အကြောင်း တရားသည် မရှိဟူသော ဤစကားကို တကာတော်သည် အမိုက် တိုက်တစ်ခုထက် အထူးသဖြင့် အမိုက်သို့ဝင်ကုန်၏။ ဒကာတော် သည် တောတစ်ခုမှသည် တောတစ်ခု၏အတွင်းသို့ ဝင်ပြန်ခဲ့၏ တကား။ ချုံပိတ်ပေါင်း တစ်ခုမှသည် ချုံပိတ်ပေါင်းတစ်ခုသို့ ဝင်ပြန်ခဲ့၏တကား။

အရှင်ဘုရား၊ အကယ်၍ နိဗ္ဗာန်ကို မြင်စိမ့်သောငှာ

mgyoe.com

mgyoe.com

အကြောင်းတရားသည် ရှိ၏။ ထိုအကြောင်းကိုလည်း အလိုရှိအပ်၏ဟု ဆိုပြန်ခဲ့၏။

အရှင်ဘုရား၊ ဥပမာသော်ကား သားအား အဖသည် ရှိ၏။ ထိုအကြောင်းကြောင့် အဖအားလည်း အဖကို တစ်ဖန် အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ တပည့်အား ဆရာသည် ရှိ၏။ ထိုအကြောင်းကြောင့် ဆရာအားလည်း ဆရာကို အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ သစ်ပင်၏ အညွန့်အား မျိုးစေ့သည် ရှိ၏။ ထိုအကြောင်းကြောင့် တစ်ဖန် မျိုးစေ့အားလည်း မျိုးစေ့ကို အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ ထိုအတူ အရှင်ဘုရား၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာအကြောင်းသည် အကယ်၍ ရှိအံ့၊ ထိုအကြောင်းကြောင့် နိဗ္ဗာန်အားလည်း အကြောင်းကိုစွဲ၍ အလိုရှိအပ်ပါ၏ တကား။ အရှင်ဘုရား၊ ဥပမာသော်ကား သစ်ပင်၏လည်းကောင်း၊ နွယ်၏လည်းကောင်း အဖျားသည် ရှိပါသော် ထိုအဖျားဟူသော အကြောင်းကြောင့် အလယ်သည်လည်း ရှိသကဲ့သို့၊ အရင်းသည်လည်း ရှိသကဲ့သို့၊ အရှင်ဘုရား၊ ထို့အတူ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အကြောင်းတရားသည် ရှိ၏။ ထိုသို့ အကြောင်းရှိသောကြောင့် နိဗ္ဗာန်အား အကြောင်းကို စွဲလမ်း၍ဖြစ်၏ဟု ယူခြင်းငှာလည်း အလိုရှိကောင်းပါ၏တကားဟုဆိုသော် မင်းကြီး၊ နိဗ္ဗာန်သည် အကြောင်းမရှိသော တရားမည်၏။ နိဗ္ဗာန်အား အကြောင်းကို စွဲ၍ဖြစ်၏ဟု ဟောတော်မမူ၊ နိဗ္ဗာန်သို့ရောက်ကြောင်း တရားမူကား ရှိ၏။ ထိုသို့ရှိသော်လည်း နိဗ္ဗာန်တရားအား အကြောင်းတရားမရှိဟုဆို၍ မင်းကြီး၊ သင်မင်းကြီးသည် ရှိသေစွာ နားထောင်လော့၊ ကောင်းစွာနားထောင်လော့၊ ထိုစကား၌ အကြောင်း

mgyoe.com

mgyoe.com


ကို ငါဟောအံ့။ မင်းကြီး၊ ယောကျ်ားသည် ပြကတေ့သော အား အစွမ်းဖြင့် ဤအရပ်မှ ဟိမဝန္တာတောင်မင်းသို့ ချဉ်းကပ်အံ့သောငှာ တတ်နိုင်ကောင်းအံ့လောဟုဆိုသော် အရှင်ဘုရား၊ တတ်နိုင်ကောင်း ၏ဆိုလျှင် မင်းကြီး ထိုယောကျ်ားသည် ပြကတေ့သော အစွမ်း သတ္တိအားဖြင့် ဟိမဝန္တာတောင်မင်းကို ဤအရပ်သို့ ဆောင်ယူခြင်း ငှာ တတ်နိုင်ကောင်းအံ့လောဟု ဆိုသော် ဟိမဝန္တာတောင်မင်းကို ဤအရပ်သို့ ဆောင်ခြင်းငှာ မတတ်နိုင်ချေဟုဆိုလျှင် မင်းကြီး၊ ထိုအတူ နိဗ္ဗာန်ကို အာရုံမျက်မှောက်ပြုခြင်းငှာ အကြောင်းတရား ကို ဟောတော်မူအံ့သောငှာ တတ်နိုင်ကောင်း၏။ နိဗ္ဗာန်အား အကြောင်းကို စွဲလမ်း၍ အကြောင်းရှိ၏ဟု ဖြေခြင်းငှာ မတတ်နိုင် ရာ။ မင်းကြီး၊ ဥပမာ တစ်နည်းသော်ကား ယောကျ်ားသည် ပြ ကတေ့သောအားအစွမ်းဖြင့် မဟာသမုဒ္ဒရာကို လှေဖြင့်ကူး၍ ထို မှာဘက်ကမ်းသို့ ကူးသွားခြင်းငှာ တတ်ကောင်းအံ့လောဟု ဆို သော် အရှင်ဘုရား၊ တတ်ကောင်း၏ဟုဆိုလျှင် မင်းကြီး ထို ယောကျ်ားသည် ပြကတေ့သောအားဖြင့် မဟာသမုဒ္ဒရာ၏ ထိုမှာ ဘက်ကမ်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှာ တတ်နိုင်အံ့လောဟု ဆိုပြန်သော် အရှင်ဘုရား၊ မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းကို ဤအရပ်သို့ ဆောင်ခြင်းငှာ မတတ်နိုင်ရာချေဟုဆိုလျှင် မင်းကြီး၊ နိဗ္ဗာန်ကို အာရုံမျက်မှောက်ပြုခြင်းငှာ အကြောင်းတရားကို ဟော တော်မူအပ်၏။ နိဗ္ဗာန်အား အကြောင်းကို စွဲလမ်း၍ ပြုခြင်းငှာ မတတ်နိုင်ရာ မင်းကြီး၊ အဘယ့်ကြောင့်နည်းဟူမူကား နိဗ္ဗာန် တရားသည် အသင်္ခတတရားဖြစ်သောကြောင့်တည်းဟုဆိုသော် အရှင်ဘုရား၊ နိဗ္ဗာန်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးတို့

mgyoe.com

mgyoe.com


သည် မပြုပြင်အပ်သည်ဖြစ်၍ အသခ်ံတမည်သလောဟု ဆိုသော် မင်းကြီး၊ နိဗ္ဗာန်သည် အသင်္ခတဓာတ်မည်သည် ဟုတ်၏။ မင်းကြီး၊ နိဗ္ဗာန်ကို တစ်စုံတစ်ယောက်သောသူသည် ပြုအပ်သော တရား မဟုတ်၊ မင်းကြီး နိဗ္ဗာန်တရားကို ဥပ္ပန္နတရားဟူ၍လည်းကောင်း၊ အနုပ္ပန္နတရားဟူ၍လည်းကောင်း၊ ဥပါဒိယတရားဟူ၍ လည်း ကောင်း၊ အနုပါဒိယတရားဟူ၍လည်းကောင်း၊ အတိတ်တရား၊ အနာဂတ်တရား၊ ပစ္စုပ္ပန်တရားဟူ၍လည်းကောင်း၊ စက္ခုဝိညာဉ်၏ အာရုံဟူ၍လည်းကောင်း၊ သောတဝိညာဉ်၏ အာရုံဟူ၍ လည်းကောင်း၊ ဃာနဝိညာဉ်၏ အာရုံဟူ၍လည်းကောင်း၊ ဇိဝှာဝိညာဉ်၏ အာရုံဟူ၍လည်းကောင်း၊ ကာယဝိညာဉ်၏ အာရုံဟူ၍ လည်းကောင်း မဆိုအပ်ချေဟု ဆိုပြန်သော် အရှင်ဘုရား၊ အကယ်၍ နိဗ္ဗာန်သည် ဥပ္ပန္နဓမ္မလည်းမဟုတ်၊ အနုပ္ပန္နဓမ္မလည်းမဟုတ်၊ ဥပါဒိယဓမ္မလည်းမဟုတ်၊ အနုပါဒိယဓမ္မလည်းမဟုတ်၊ အတိတ် တရား၊ အနာဂတ်တရား၊ ပစ္စုပ္ပန်တရားလည်းမဟုတ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဝိညာဉ်တို့၏ အာရုံလည်းမဟုတ် သည် ဖြစ်အံ့။ ထိုသို့ တပြီးကား အရှင်ဘုရားတို့သည် နိဗ္ဗာန်တရား မရှိ။ နိဗ္ဗာန ဓမ္မမရှိဟု ထင်တော်မူကုန်သလောဟုဆိုသော် မင်းကြီး၊ နိဗ္ဗာန်သည် ရှိ၏။ နိဗ္ဗာန်သည် မနောဝိညာဏဓာတ်၏ အာရုံ ဖြစ်၏။ စင်ကြယ်သန့်ရှင်းသော၊ မွန်မြတ်ဖြောင့်မတ်စွာသော၊ နီဝရဏကင်းသော၊ အာမိသ မရှိသော စိတ်ဖြင့် ကောင်းစွာကျင့် သော အာရိယာတို့၏ တပည့်သားတော်သည် နိဗ္ဗာန်ကို မြင်၏ဟု ဆိုသော် အရှင်ဘုရား၊ ထိုနိဗ္ဗာန်သည် အဘယ်အရပ်၌ ရှိလေ သနည်း။

mgyoe.com

mgyoe.com


ထင်ရှားစွာ မပြအပ်သော နိဗ္ဗာန်ကို ဥပမာအကြောင်းတို့ဖြင့် ဒကာတော်အား သိပါစေလော့ဟုဆိုလျှင် မင်းကြီး၊ လောက၌ ဝါယောဓာတ်ဟုဆိုအပ်သော လေသည် ရှိ၏လောဟုဆိုသော် အရှင်ဘုရား၊ ဝါယောဓာတ်ဟု ဆိုအပ်သော လေသည် ရှိ၏ဟုဆိုလျှင် မင်းကြီး၊ ထိုဝါယောဓာတ်လေကို အဆင်း သဏ္ဌာန် အငယ်၊ အကြီး၊ အရှည်၊ အတို ရှိသည်၏အဖြစ်ကို ပြပါလော့ဟုဆိုသော် အရှင်ဘုရား၊ ဝါယောဓာတ်လေကို အဆင်းသဏ္ဌာန် အတို၊ အရှည်အားဖြင့် ပြခြင်းငှာ မတတ်ကောင်းနိုင်ချေ။ ထိုဝါယောဓာတ်လေကို လက်ဖြင့် ကိုင်ခြင်းသည်လည်းကောင်း၊ နှိပ်နယ်ခြင်းသည်လည်းကောင်း မတတ်နိုင်ရာချေ။ စင်စစ်သော်ကား ဝါယောဓာတ်သည် တရားကိုယ်အားဖြင့် ထင်ရှားစွာ ရှိပေ၏ဟုဆိုလျှင် မင်းကြီး၊ ဝါယောဓာတ်ကို ပြခြင်းငှာ မတတ်ကောင်းသော် ဝါယောဓာတ် မရှိဟူသော အနက်သည် ရောက်ခဲ့၏တကားဟု ဆိုလျှင် အရှင်ဘုရား၊ ဝါယောဓာတ်သည် ရှိပါ၏။ ဒကာတော်သိပါ၏။ ဒကာတော်၏ နှလုံး၌ အစဉ်အတိုင်း အနက်အဓိပ္ပာယ် ဝင်ပေပြီ။ ဒကာတော်သည် ထိုဝါယောဓာတ်ကို ပြခြင်းငှာ မတတ်နိုင်ချေဟုဆိုလျှင် မင်းကြီး၊ ထိုကဲ့သို့လည်းကောင်း နိဗ္ဗာန်တရားသည် ရှိ၏။ နိဗ္ဗာန်တရား၏ အဆင်းသဏ္ဌာန် အငယ်၊ အကြီး၊ အရှည်၊ အတိုကို ပြခြင်း၊ ညွှန်းခြင်းငှာ မတတ်နိုင်ဟုဆိုသော် အရှင်ဘုရား ကောင်းလှပေ၏။ ထိုနိဗ္ဗာန်ရှိကြောင်းကို ကောင်းစွာ ပြအပ်၊ ညွှန်အပ်ပေပြီ။ အကြောင်းယုတ္တိကိုလည်း ဥပမာဖြင့် ပြတော်မူအပ်ပေပြီ။ ဤစကားကို အရှင်ဆိုတိုင်း ဒကာတော် ဝန်ခံပါ၏ဟု ဝန်ခံလေသည်။

mgyoe.com

mgyoe.com


(အဓိပ္ပာယ်ကား။ ။မိလိန္ဒမင်းသည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားကို ဘုရားရှင်ဟောတော်မူအပ်၏။ ထိုအကြောင်းကြောင့် နိဗ္ဗာန်သို့ ရောက်၏ဟု အယူရှိ၍ မေးသည်။ အရှင်နာဂသေန မထေရ်မူကား ဘုရားသည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားကိုမူကား ဟောတော်မူအပ်သည် မှန်၏။ နိဗ္ဗာန်သည် အသင်္ခတတရား၊ အပ္ပစ္စယတရားဖြစ်၍ အကြောင်း အထောက်အပံ့ပစ္စည်း တရားမရှိဟု ဖြေတော်မူသည်။ ခပ်သိမ်းသော အလောင်းသူတော်ကောင်းတို့သည် ဒါန၊ သီလ အစ ရှိသော ကုသိုလ်ကိုပြုကြကုန်၏။ ထိုကုသိုလ်တို့သည် အဘယ်သို့သော တရားကိုအထောက်အပံ့ ပြုကုန်လေသနည်းဟူမူကား ဆည်းပူးအပ်သောကာမာဝစရ ကုသိုလ်သည် သောတာပတ္တိမဂ်၏ ဂေါတြဘူ၊ အထက်သုံးခုတို့၏ရှေ့ ဝေါဒါန်တိုင်အောင် လောကုတ္တရာမဂ်ဖိုလ်တို့ကို ပကတူပနိဿယ အစရှိသော ပစ္စည်းအထောက်အပံ့ပြု၍ ထိုသို့ ဆည်းပူးအပ်သော ကာမာဝစရကုသိုလ်သည် လောကုတ္တရာမဂ်ဖိုလ်တို့အား အကြောင်းပစ္စည်းဖြစ်၍ လောကုတ္တရာမဂ်တို့သည် အကျိုး ပစ္စယုပ္ပန် အကြောင်းအကျိုး ဖြစ်ကြလေသည်ရှိသော် ထိုမဂ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်တရားသည် အသင်္ခတ အပစ္စယအကြောင်းတရားနှင့်ကင်း၍ ဖြစ်လေသောကြောင့် နိဗ္ဗာန်သည်အကြောင်းမရှိ၊ အကြောင်းနှင့်ကင်းသော တရားဖြစ်လေတော့သည်ဟု ယူအပ်သည်။ ဤစကား၌ အဓိပ္ပာယ် အလွန်ခဲခက်သည်ထက် ခက်ခဲလှ၏။ သဘောကို ရှေ့နောက်ထောက်ချင့်၍ ယူလေဤကား စကားချုပ်)။

[နိဗ္ဗာန်ကို အာရုံပြုနိုင်ရန်နှင့် ဖော်ပြအံ့သော နိဗ္ဗာန်

mgyoe.com

mgyoe.com


အကြောင်းစာများကို ယှဉ်တွဲ နှလုံးပြုနိုင်ရန် မိလိန္ဒပဥှာကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။]

■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

အဂ္ဂမဟာ သေနာပတိ
ဝန်ရှင်တော် မြစ်ကွေးမြို့စား
ရွှေပြည်ဝန်ကြီးမင်း

မင်းသတိုးမင်းကြီး
မင်းလှမဟာမင်းခေါင်သီဟသူ
ရေးသားပြုစုသော


# နိဗ္ဗာန်အကြောင်း

သက္ကရာဇ် ၁၂၃၁ ခု၊
ပြာသိုလပြည့်ကျော် ၄ ရက်နေ့
ကျမ်းပြီး၏။

mgyoe.com

mgyoe.com





အဂ္ဂမဟာသေနာပတိ
ဝန်ရှင်တော် မြစ်ကျွေးမြို့စား ရွှေပြည်ဝန်ကြီးမင်း

mgyoe.com

mgyoe.com

# နိဒါန်း

မန္တလေးရတနာပုံ နေပြည်တော်ကြီးကို ရှေးဦးလက်မွန်၊ တည်ထောင်ဖန်ဆင်းတော်မူသော ပဥ္စမသင်္ဂါယနာတင် အရှင်နတ်ပြည်စံ ဘဝရှင်မင်းတရားကြီးဘုရား၊ သားရင်းအမှတ်ဖြင့် ငယ်ရွယ်စဉ်အခါကပင် ကောက်ယူမွေးစား၊ သနားချီးမြှောက် စောင့်ရှောက်ပြုစုတော်မူခြင်းကို ခံရသော ဘိုးရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူး၊ အဖ ရေနံချောင်း မြို့စား ယင်းတောဝန်ကြီးမင်း၊ သတိုးမင်းလှကျော်ထင်၊ အမိဝန်ကြီးကတော် မယ်ငြိမ်းတို့၏သား မင်းတရားကြီးဘုရား လက်ထက်တော်တွင် အတွင်းသေနာပတိရာထူးနှင့် ချီးကျူးမြှောက်စားခြင်း၊ သားတော် မာရ်အောင်ရတနာစေတီတော် ဒါယကာ မင်းတရားလက်ထက်တော်တွင်လည်း အဂ္ဂမဟာသေနာပတိဝန်ရှင်တော် မကွေးမြို့စား၊ မင်းသတိုး မင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူဘွဲ့နှင့် ရွှေပြည်ဝန်ကြီး မင်းရာထူးတို့ဖြင့် မင်း၏မြှောက်စားခြင်းကို ခံရသော ရွှေပြည်ဝန်ကြီးသည် ပညာရှိပီသစွာ ပြုစုတီထွင် စီရင်ရေးသားသော ကျမ်းများမှာ...

mgyoe.com

mgyoe.com


၁။ ပဋ္ဌမသင်္ဂါယနာတင် မင်းတရား တောင်းပန်၍ရေးသော အသဘောဒ မြင်းကျမ်း။

၂။ လီပိဒီပီကာကျမ်း။

၃။ သမသနညာဏ် ပွားများနည်း အကျယ်စာတမ်း။

၄။ အင်္ဂလိပ်ဘာသာမှ ပြန်၍ရေးသော အခုံး၊ အပြားတွက်နည်း အက္ခရာသင်္ချာကိန်းပုံ။

၅။ အိမ်ရှေ့မင်းတောင်းပန်၍ ရေးသော လိလာဝတီ ဂဏန်းကျမ်းကြီး။

၆။ ပုခန်းဝန်ကြီး တောင်းပန်၍ရေးသော မဟာသမ္မတ တစ်ဆယ့်တစ်ပါးနှင့် ကပ်အဆုံးအဖြတ် ကပ္ပဝိနိစ္ဆယကျမ်း။

၇။ စလင်း စုဖုရား မင်းသမီးတောင်းပန်သော ကာယာနုပဿနာကျမ်းကြီး။

၈။ အရာကျနေစဉ်ရေးသော ဝိမုတ္တိရသကျမ်း။

၉။ သံတော်ကြီး ဖယ်ရာသခင် တောင်းပန်၍ရေးသော သာစုနယ တရားအဖြေ။

၁၀။ ကင်မတ္တရိ အင်္ဂလိပ်ဘာသာ ဓာတ်ကျမ်းကြီးကို မြန်မာပြန်၍ရေးသော ၆၄ ပါးသောဓာတ်ကျမ်း။

၁၁။ သီပေါမင်းတရား တောင်းပန်၍ရေးသော ရာဇဓမ္မသင်္ဂဟကျမ်း။

၁၂။ ရာဇဝင်ချုပ်စာတမ်း။

၁၃။ သိင်္ဂါလောဝါဒသုတ်နိသျ။

၁၄။ သိင်္ဂါလောဝါဒသုတ်အဖွင့်။

၁၅။ အဂတ္တိရသေ့ဓာတ်နိသျ။

mgyoe.com

mgyoe.com


၁၆။ သင်္ဂဇာဆရာတော်ကြီးနှင့် တံဆိပ်ရဆရာတော်ရှစ်ပါးတို့ တောင်းပန်၍ရေးသော သဒ္ဒသင်္ဂဟာသဒ္ဒါကျမ်းကြီးပါဌ်။

၁၇။ ဥတုဘောဇနဆေးကျမ်း။

၁၈။ နဝသိဒ္ဓန္တ လက်ရိုးကျမ်းကြီး။

၁၉။ မဟာသုဇာတက အပြောကျမ်း။

၂၀။ သေနတ်ဝန်ကြီးမင်း တောင်းပန်၍ရေးသော သုဗောဓာ လင်္ကာရ အလင်္ကာနိသျ။

၂၁။ ပဥ္စမ သင်္ဂါယနာတင် မင်းတရားကြီးဘုရားကို ရေး၍ ဆက်သော နိဗ္ဗာန်အကြောင်း စာတန်း။

ထိုဆိုခဲ့သော ကျမ်းများအနက် ကျွန်ုပ်တို့ မြန်မာ့သြဘာ စာပုံနှိပ်တိုက်က ဤနိဗ္ဗာန်အကြောင်း စာတမ်းတစ်စောင်ကို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ရတနာသုံးပါးဂုဏ်ကို ညွှတ်လျက် ဝင့်မှ ထွက်မြောက်လိုသော ပညာရှိသူတော်ကောင်းတို့၏ အကျိုးငှာ အက္ခရာပုဒ်ပါဌ်၊ သေသပ်ကျန၊ လှပကောင်းမွန်စွာနှင့် ပုံရိုက်လုပ် ဆောင်လိုက်ပါကြောင်း၊ ၎င်းစာကို ဆရာတစ်ခု၊ မှီငြမ်းပြု၍၊ ညစ် ကျူကိလေ၊ များထွေထွေကို၊ မဂ်ရေဆွတ်ပြီး၊ တရားမှီး၍၊ အား ကြီးလှစွာ၊ အဏ္ဏဝါမှ၊ မြန်စွာတက်လှမ်း၊ တစ်ဖက်ကမ်းသို့၊ မဂ်နန်းစံကြနိုင်စေသောဝ်။

[၁၂၆၇ ခု၊ နတ်တော်လတွင် ရန်ကုန်မြို့ (ဂေါ်ဒဝင်လမ်း)၊ လမ်းမတော် မြန်မာ့သြဘာစာပုံနှိပ်တိုက် ဆရာ မောင်ပန်းဦး၊ နာမည်နှင့် ရိုက်နှိပ်သောစာအုပ်မှ နိဒါန်းကို မူအတိုင်း ဖော်ပြပါသည်။]

■

mgyoe.com

mgyoe.com

# နိဗ္ဗာန်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သော၊ မုချ ဆတ်ဆတ် မဂ်ဖိုလ်တို့၏ အာရုံသာဖြစ်သော၊ ကိလေသာ၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော ငြိမ်းချမ်းခြင်းသဘောသည် နိဗ္ဗာန်မည်၏။ ထို့ကြောင့် **နိဗ္ဗာနံ မဂ္ဂဖလာနမာ လမ္ဗဏာ ဘူတော အသင်္ခတ ဓမ္မောဟူ၍လည်းကောင်း၊ သန္တိ လက္ခဏာံ နိဗ္ဗာနံ** ဟူ၍လည်းကောင်း ကျမ်းဆရာတို့ မိန့်ကြကုန်၏။

ခပ်သိမ်းသော တရားတို့သည် သင်္ခတ၊ အသင်္ခတဟူ၍ နှစ်ပါးရှိ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်သော နာမ်ရုပ်တရားဟူသမျှတို့သည် သင်္ခတဓမ္မမည်၏။ ဤအကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော နိဗ္ဗာန်သည် အသင်္ခတ ဓမ္မမည်၏။ ထို့ကြောင့် **သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ** ဟူ၍

mgyoe.com

mgyoe.com


ပဟောတော်မူရာ၌ သင်္ခါရ အရသည် သင်္ခတ ဓမ္မမည်၏။ ဓမ္မအရကို သတင်္ခ၊ အသင်္ခတ နှစ်ပါးလုံးကို ကျုံး၍ယူရာ နိဗ္ဗာန်ပါဝင်လေသောကြောင့် အနတ္တသဘော အသင်္ခတ ဓမ္မဖြစ်၏။

တစ်နည်း ခပ်သိမ်းသောတရားတို့သည် အာရုံ၊ အာရမ္မဏိကဟူ၍ နှစ်ပါးရှိ၏။ ဝတ္ထုရုပ်ကို မှီ၍ဖြစ်သော နာမ်တရား၏ စွဲလမ်းရာ၊ ကျက်စားရာသည် အာရုံမည်၏။ ထိုအာရုံကိုစွဲ၍၊ ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ခြင်းသဘောသည် အာရမ္မဏိကမည်၏။ ထိုအာရုံ အာရမ္မဏိကနှစ်ပါးတို့တွင် နိဗ္ဗာန်သည် ဓမ္မာရုံ၌ အကျုံးဝင်၏။ ထို့ကြောင့် နိဗ္ဗာနံ မဂ္ဂ ဖလာန မာလမ္ဗဏာ ဘူတော အသင်္ခတ ဓမ္မောဟူ၍ ဆိုအပ်၏။ ဤနိဗ္ဗာန်သည် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ လောကုတ္တရာတရားမျိုးတို့တွင် လောကမှ ထိုမှာဘက်ဖြစ်သော၊ လောကကို လွန်မြောက်သော လောကုတ္တရာတရားကိုးပါး၌ အကျုံးဝင်၏။ ဒူရ၊ အာသန္န၊ ဟီန၊ ပဏီတ၊ သုခုမ၊ ဩဠာရိက အစရှိသော အပြားမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့အပ်။

ဂေါတြဘူ စိတ်သည် နိဗ္ဗာန်ကို အာရုံ ပြုနိုင်သော်လည်း မဂ်စိတ်ကဲ့သို့ ကိလေသာကို မသတ်နိုင်။ ဖိုလ်စိတ်ကဲ့သို့ ကိလေသာကို မငြိမ်းစေနိုင်ရကား ဂေါတြဘူ စိတ်၏အာရုံဟူ၍ မဆို။ မဂ်ဖိုလ်တို့၏ အာရုံဟူ၍သာ မုချအားဖြင့် ကျမ်းဆရာတို့ ဆိုတော်မူကုန်၏။

နိဗ္ဗာန်ဟူသည် ကိလေသာကုန်ခြင်း၊

mgyoe.com

mgyoe.com


ငြိမ်းခြင်းမဟုတ်။ ကိလေသာ၏ ကုန်ရာ ကုန်ကြောင်း၊ ငြိမ်းရာငြိမ်းကြောင်း အာရုံ ဖြစ်၏။ နာမ်တရားတို့မည်သည် အာရုံနှင့် ကင်း၍ မဖြစ်နိုင်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟူ သော နာမ်တရားသည် နိဗ္ဗာန်ဟူသော အာရုံ ကို မှီ၍စွဲ၍ ကိလေသာကို ကုန်စေ၊ ငြိမ်းစေ သောကြောင့် ကိလေသာ ကုန်ရာ၊ ကုန် ကြောင်းကား နိဗ္ဗာန်မည်၏။ ထို့ကြောင့် ကိ လေသာကုန်ခြင်း ငြိမ်းခြင်းကား မဂ်၊ ဖိုလ် ကိလေသာကုန်ရာ၊ ကုန်ကြောင်းကား နိဗ္ဗာန် ဖြစ်၏။

ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ ကိလေသာကုန်ပြီးသော ပုဂ္ဂိုလ်တို့၏ စုတိဖြစ်သော ဘဝပရိယောသာန၊ သမုစ္ဆေဒ မရဏ သည် နိဗ္ဗာန်မဟုတ်၊ ပရိနိဗ္ဗာန်သာ မည်၏။ ထိုကြောင့် ခီဏံ ပုရာနံ နဝနတ္ထိ သမ္ဘဝံ၊ ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ တေခီဏ ဗီဇာ အဝိရုဠ္ဟိဆန္ဒာ၊ နိဗ္ဗန္တိဓီရာ ယထာယံ ပဒီပေါ ဟူ၍ သံဃာတော်ဂုဏ်၌ ပရိနိဗ္ဗာန်ကို ဟောတော်မူ၏။ ထိုကိလေ သာကုန်ပြီးသော ပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာကိုသာ ခံစား၍ အလွန်ချမ်းသာရကား ကြာမြင့်စွာ အသက်ရှည်ခြင်းကို အလိုရှိအံ့လော။ ပရိနိဗ္ဗာန်ပြု သည်ကာလ ဆီးမီးငြိမ်းသကဲ့သို့ တစ်ဖန်မဖြစ် ပျောက်ပျက်စဲငြိမ်း ရကား သေခြင်းကို အလိုမရှိ အံ့လော သို့မဟုတ် ခန္ဓာဝန်ကို ရွက် ဆောင်ရသောကြောင့် အိုခြင်း၊ နာခြင်းဖြစ်ရကား သေခြင်းကို

mgyoe.com

mgyoe.com

အလိုရှိအံ့လော ဟူငြားအံ့။ အသက်ရှည်ခြင်း၊ သေခြင်းနှစ်ပါးကိုပင် အလိုမရှိ။ ရှေးရှေးဘဝက ပြုခဲ့သော ကံ၏ အကျိုးဖြစ်သော ခန္ဓာ၏ ကုန်ခြင်း၊ ပျောက်ခြင်း အချိန်ကာလကို စောင့်၏။ ထိုကြောင့် **နာဘိ နန္ဒာမိ မရဏံ၊ နာဘိ နန္ဒာမိ ဇီဝိတံ၊ ကာလဉ္စ ပဋိကင်္ခါမိ၊ ဝေတ္တနံ ဘတကော ယထာ** ဟူ၍ အရှင်သာရိပုတ္တရာ ဟောတော်မူသည်။

[ဤကား အထူး]

ခပ်သိမ်းသော သင်္ခါရဖြစ်သော သင်္ခတဓမ္မဟူသမျှသည် အနိစ္စသဘော၊ ဒုက္ခသဘော ဖြစ်၏။ **နိဗ္ဗာန်ဟူသော အသင်္ခတ ဓမ္မသည် နိစ္စသဘော၊ သုခသဘော** ဖြစ်၏။ သင်္ခါရဖြစ်သော သင်္ခတဓမ္မသည် အစိုးမရ၊ အလိုသို့ မလိုက်သောကြောင့် အတ္တ မဟုတ်၊ အနတ္တဖြစ်သော်လည်း အသင်္ခတ ဓမ္မနိဗ္ဗာန်သည် အနတ္တ၏ဆန့်ကျင်ဘက် အတ္တမဟုတ်၊ အနတ္တပင် ဖြစ်၏။ ထိုကြောင့် သင်္ခတ၊ အသင်္ခတ တရားနှစ်ပါးလုံးကို ကျုံး၍ယူခြင်းငှာ သဗ္ဗေဓမ္မာ အနတ္တာဟူ၍ ဟောတော်မူ၏။

ပြည့်စုံခြင်းဂုဏ်ဟူသော သမ္ပတ္တိ ရသအားဖြင့် နိဗ္ဗာန်သည် မအို၊ မသေ၊ မပြောင်းမရွေ့၊ မပျက်မစီး၊ အစ္စုတိရသ ရှိငြားသော်လည်း အစိုးရသော လောကကို ဖန်ဆင်းပြုပြင်နိုင်သော ဣဿရိယ၊ နိမ္မာန၊ လောက ကတ္တားမဟုတ်သောကြောင့် မအို၊ မသေ၊ မပျက်မစီး လောကကို ဖန်ဆင်းသည်ဆိုသော မိစ္ဆာအယူရှိသောသူ တို့၏ ဘုရားလည်းမဟုတ်။

မပျက်မစီး၊ မပြောင်းမရွေ့ တည်သော ကောင်းကင်၊ ပညတ်၊ အနုမြူတို့သည်လည်း ဣဿရိယဂုဏ်၊ လောကကို

mgyoe.com

mgyoe.com


ဖန်ဆင်းခြင်း လောက ကတ္တား မဟုတ်သောကြောင့် နိဗ္ဗာန်မည် သင့်သည် ဟူငြားသော်လည်း ကိလေသာကို မငြိမ်းစေနိုင်၊ ကိလေသာဟူသော ပင်ပန်းခြင်းကို မဖျောက်နိုင်သောကြောင့် နိဗ္ဗာန် မဟုတ်၊ ထိုကြောင့် သန္တိ လက္ခဏာ နိဗ္ဗာနံဟူ၍လည်းကောင်း၊ ကိစ္စ ရသအားဖြင့် အဿာသ ကရဏရသံဟူ၍လည်းကောင်း အဋ္ဌကထာဆရာတို့ မိန့်တော်မူကုန်၏။

နိဗ္ဗာန်သည် ဘုံသုံးပါးဟူသော ဤမှာဘက် လောကီ၌ အကျုံးမဝင်၊ လောကီတရားဟူသော အကြောင်းပစ္စည်း နိမိတ်မရှိသောကြောင့် နိဗ္ဗာန်ကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မဂ်ဉာဏ်၌ နိဗ္ဗာန်သည် ဤမှာဘက်ဟူသော လောကီ၌မရှိ။ ထိုမှာဘက်ဟူသော လောကုတ္တရာ ရှိသည်ဖြစ်၍ ကိလေသာဟူသော အကြောင်း နိမိတ်မရှိဟု ရှေးရှုထင်ခြင်း အနိမိတ္တပစ္စု ပဋ္ဌာန် ရှိ၏။

နိဗ္ဗာန်ကို ကောင်းစွာ အာရုံပြုသည်နှင့်တစ်ပြိုင်နက် ပပဉ္စ တရားသုံးပါးကင်းရခြင်း အကျိုးရှိသောကြောင့် ဖလ ပစ္စုပဋ္ဌာန် အားဖြင့် နိပ္ပပဉ္စပစ္စုပဋ္ဌာန် ရှိ၏။

နိဗ္ဗာန်၏ ဖြစ်ကြောင်းမရှိသောကြောင့် နိဗ္ဗာန်၌ ပဒဋ္ဌာန် မရှိ။ ထို့ကြောင့် နိဗ္ဗာန်သည် အသင်္ခတ ဓမ္မမည်၏။

ဤသို့ ဆိုခဲ့ပြီးသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့နှင့် ပြည့်စုံသော နိဗ္ဗာန်သည် မရှိဟူငြားအံ့။ သမ္မာဒိဋ္ဌိ ရှေ့သွားရှိသော ကောင်းသောကျင့်ဝတ် ပဋိပတ်တို့၏ အကျိုးမရှိရာ ရောက်သော ကြောင့် ထိုစကားကို မဆိုအပ်။ အကယ်၍ မရှိသော အဘာဝ ဓမ္မနတ္ထိ သဘောသည် နိဗ္ဗာန်ဟူငြားအံ့။ အတိတ်၊ အနာဂတ်ဖြစ် သော ရုပ်၊ နာမ် တရားတို့သည်လည်း အဘာဝဓမ္မဖြစ်ရကား

mgyoe.com

mgyoe.com


နိဗ္ဗာန်သည် ရုပ်၊ နာမ်တရား၌ အကျုံးဝင်၍ သင်္ခတဓမ္မ ဖြစ်ရာသောကြောင့် ထိုစကားကိုလည်း မဆိုအပ်။ ထို့ကြောင့် အတ္တိဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံဟူ၍ ဟောတော်မူ၏။

ယင်းသို့ သိမ်မွေ့နက်နဲ ခက်ခဲသော နိဗ္ဗာန်ကို ပုထုဇဉ် ပုဂ္ဂိုလ်တို့ ပစ္စက္ခ မသိနိုင်၊ မမြင်နိုင်သော်လည်း ပစ္စက္ခ သိပြီး၊ မြင်ပြီးသော ဘုရား၊ ရဟန္တာတို့ ဟောတော်မူသော တရားအစဉ်ကို လျှောက်၍ ပုထုဇဉ်တို့သည်လည်း အနုမာနအားဖြင့် သိနိုင်၏။ ဤအနုမာနအားဖြင့်သိသော နိဗ္ဗာန်သည်လည်း ယထာဘူတ ပစ္စက္ခ သိသော ဘုရား ရဟန္တာတို့ ဟောသည့်အတိုင်း ဖြစ်သောကြောင့် ယထာဘူတ မှတ်သောသိခြင်း ဖြစ်၏။ မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် ဝမ်းတွင်းကန်း ဇစ္စန္ဓပုဂ္ဂိုလ်ကို အဖြူ၊ အနီရှိသော ဝတ္ထုကိုအပ်၍ အဖြူ၊ အနီဟူ၍ ပြောစေသော်လည်း ထိုသူကန်းစကားသည် အမှားမဟုတ်၊ အမှန်ဖြစ်သကဲ့သို့ မှတ်လေ။ ထို့ကြောင့် ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကို ပုထုဇဉ်တို့ စီးဖြန်းနိုင်သော အခွင့်ကိုရ၏။

နိဗ္ဗာန်သည် အလိုရှိအပ်သော အာရုံတကာတို့ထက် ကဲလွန်သော အတိ ဣဋ္ဌာရုံ

mgyoe.com

mgyoe.com


ဖြစ်၏။ လောက၌ အကျုံးဝင်သော ကာမဂုဏ် ဖြစ်သော အာရုံငါးပါးတို့ကို ခံစားသုံးဆောင် သဖြင့် စည်းစိမ်ချမ်းသာရှိသည်ဟု သမုတ်အပ် ၏။ ထိုအာရုံတို့တွင်လည်း ကောင်းရာကောင်း ရာ ဣဋ္ဌတရ၊ ဣဋ္ဌတမကို ရအောင် ရှာမှီးကြ ကုန်၏။ ယင်းသို့ အလိုရှိအပ်သော ကာမဂုဏ် ကို ခံစားရာ၌ အလိုရှိအပ်သော ကာမဂုဏ်အာရုံ တစ်ခု၌ ရပ်၍ အစဉ်မပြတ် ထိုအာရုံကို မလွှတ် ဘဲ တစ်နေ့ပတ်လုံး အာရုံပြု၍ ခံစားသုံးဆောင် နိုင်သော မည်သည်မရှိ၊ လောကတွင် ကောင်း သောအာရုံတစ်ခု၌ စိတ်ရပ်တည်သည်ထက် သာ၍ကောင်းသော အာရုံတစ်ခု၌ မြင့်ရှည်စွာ စိတ်ရပ်တည်နိုင်၏။ ထို့ထက်သာလွန်သော၊ မဟဂ္ဂုတ်အာရုံဖြစ်သော ပဋိဘာဂနိမိတ်၌ စိတ် ရပ်၍ စတုတ္ထစျာန်ဝင်စားသော ပုဂ္ဂိုလ်သည် မိမိ၏ ပဋိဘာဂအာရုံကို လွှတ်၍ အခြားအာရုံ ကိုမယူဘဲ အစဉ်မပြတ် တစ်ရက်လည်းကောင်း၊ နှစ်ရက်လည်းကောင်း၊ သုံးရက်လည်းကောင်း ရပ်နိုင်၏။ ထိုထက်သာလွန်သော လောကုတ္တရာ အာရုံဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာ ပတ် ဝင်စားသော ပုဂ္ဂိုလ်သည် ခုနစ်ရက်တိုင် အောင်ပင် နိဗ္ဗာန်ဟူသော အာရုံ၌ စိတ်ကိုရပ်၍ မပြတ် ခံစားနိုင်၏။ ထို့ထက် နိရောဓသမာပတ်

mgyoe.com

mgyoe.com


ဌ်ကား သာလွန်ခိုင်မာ၍ ကြာမြင့်စွာ ရပ်တည်
နိုင်၏။ ထို့ကြောင့် နိဗ္ဗာန်သည် ကာမဂုဏ်
တရား၊ မဟဂ္ဂုတ်တရားဟူသော လောကီဣဋ္ဌာ
ရုံတို့ထက် သာလွန်သော အတိဣဋ္ဌာရုံဖြစ်၏။

ဤနိဗ္ဗာန်သည် အလွန်ငြိမ်းချမ်းသော အာရုံလည်းဖြစ်၏။ ဤမှာဘက်ဟူသော လောကီ၌လည်း အကျုံးမဝင်။ ဟိုမှာဘက်ဟူသော လောကုတ္တရာ၌သာ အကျုံးဝင်၏။ ထို့ကြောင့် ထိုနိဗ္ဗာန်၌ လောကီဓမ္မဖြစ်သော ရာဂ၊ ဒေါသ စသော ကိလေသာတို့နှင့် မစပ်မဆိုင်၊ တစ်ယောက်တစ်ဖက် ဖြစ်ကြ၏။

လောက၌ ငြိမ်းချမ်းသော အာရုံကိုတွေ့လျှင် ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းသည်။ မငြိမ်းချမ်း ပူပန်သော အာရုံနှင့်တွေ့လျှင် ကိုယ်စိတ်နှစ်ပါး ပူပန်သည်။ နွေအခါ နေပူ၍ ခရီးပန်းသော ယောကျ်ားသည် လွင်တီးခေါင် နေပူပြင်ကို မြင်သည်ရှိသော် ပင်ပန်းခြင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ဥယျာဉ်၊ တောအုပ်၊ စိမ့်စမ်းကိုမြင်လျှင် စိတ်၏ ငြိမ်းချမ်းခြင်း ဖြစ်သကဲ့သို့ လည်းကောင်း မှတ်အပ်၏။ လူ့ပြည်တည်းဟူသော ဤမှာဘက်၌ ရှိသော လူတို့၏ ပူအိုက်ခြင်းကို ထိုမှာဘက်ဟူသော နတ်ပြည်ကောင်းကင်၌ရှိသော တန်ဆောင်မုန်းအခါ လပြည့်ဝန်းသည် ဖျောက်နိုင်သကဲ့သို့ အစမထင် အနမတဂ္ဂ သံသရာမှဖြစ်သော ဤမှာဘက်ဟူသော လောကီသံသရာစက်၌ လည်ကုန်သော သတ္တဝါတို့၏ ကိလေသာဟူသော ပူအိုက်ခြင်းကို ထိုမှာဘက်လောကုတ္တရာ အာရုံဖြစ်သော လောကုတ္တရာဟူသော နိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကို အာရုံပြုသည်နှင့်တစ်ပြိုင်နက် ပျောက်ပျက်နိုင်ရကား

mgyoe.com

mgyoe.com


လပြည့်ဝန်းနှင့်တူသော၊ အလွန်ငြိမ်းချမ်းသော သဘောဓာတ်အမှန်ဖြစ်သည်။

မျက်စိ၌ လေးထပ်တိုင်အောင် တိမ်လွှာလွှမ်းသော ပုဂ္ဂိုလ်သည် ဆေးလေးနည်းတို့ဖြင့် ကုမှ၍ တိမ်လွှာလေးထပ် လွင့်ကွာသည့်ကာလ ဟိုမှာဘက် ကောင်းကင်၌တည်သော လပြည့်ဝန်းကို မြင်သည်ရှိသော် အလွန်ချမ်းမြေ့ခြင်းဖြစ်သကဲ့သို့ စိတ်၌ ဖုံးလွှမ်းသော ကိလေသာ တိမ်လွှာလေးထပ်ကို မဂ်ဉာဏ်ဟူသော ဆေးလေးနည်းတို့ဖြင့် ကုမှ၍ ထိုမှာဘက် လောကုတ္တရာ၌တည်သော နိဗ္ဗာန်ကို မြင်သည်ရှိသော် ကိလေသာကုန်သဖြင့် ငြိမ်းသော ပုဂ္ဂိုလ်တို့ စုတိသောအခါ နာမ်၊ ရုပ်တို့သည် သမုစ္ဆေဒ ပရိနိဗ္ဗာန် ဖြစ်လေ၏။

လောက၌ အဖန်ဖန်သေခြင်း၊ အိုခြင်း၊ နာခြင်း ပဋိသန္ဓေနေခြင်း သဘောတို့သည် အကြောင်းအကျိုးစပ်လျက် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် မပြတ် ဆက်ကာဆက်ကာ မဖြစ်မပျက်၊ သောက ပရိဒေဝတို့ဖြင့် မလွှမ်းမိုး မုချဆတ်ဆတ် ချမ်းသာသုခနှင့်သာ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်၌ တည်ရပါမူကား ကိလေသာကုန်ခြင်း၊ ပရိနိဗ္ဗာန်ပြုခြင်းကို အလိုရှိရန်မရှိ။ ယင်းသို့ မအို၊ မသေ အမြဲနေရသော မည်သည်မရှိ။ သောက၊ ပရိဒေဝ ဒုက္ခတို့ဖြင့် လွှမ်းမိုးသည်ဖြစ်၍ အဖန်ဖန် သံသရာစက်၌ လည်ရသောဘေးကြောင့် ထိုဘေးမှ လွတ်ရာလွတ်ကြောင်း ကောင်းသော အာရုံကိုရှာလျှင် အလွန်ချမ်းမြေ့သော နိဗ္ဗာန်ကို ပညာရှိသော ပုဂ္ဂိုလ်တို့သည် ဉာဏ်ဖြင့် မျက်မှောက်အာရုံပြုရအောင် ရှာမှီးကြကုန်၏။

mgyoe.com

mgyoe.com


ထိုနိဗ္ဗာန်သည် အလွန်ငြိမ်းချမ်းသော အာရုံဖြစ်၏။ အနမတဂ္ဂ သံသရာစက်၌ ကျင်လည်ရသော အဖန်ဖန်အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲအပေါင်းတို့သည် မြင်သည်နှင့် တစ်ပြိုင်နက် အလုံးစုံ ပျောက်စေနိုင်သော အစွမ်းသတ္တိရှိသော အာရုံဖြစ်သောကြောင့် ဆင်းရဲအပေါင်းကို ပျောက်လိုသောသူတို့သည် အလွန် အလိုရှိအပ်၏။ လောကတွင် ရောဂါ အနာ တစ်ခုမျှကို ပျောက်စေနိုင်သော ဆေးကိုသော်လည်း အလွန် အလိုရှိအပ်၏။ အလုံးစုံသောအနာကို ပျောက်စေနိုင်သော အမတောသထ အမြိုက်ဆေးကိုမူကား ဆိုဖွယ်မရှိ။ အလွန် အလိုရှိအပ်သကဲ့သို့ မှတ်လေ။

**သက္ကရာဇ် ၁၂၃၁ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့ ကျမ်းပြီး၏။**

■

mgyoe.com